ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့ (28-2-2012) (၇၀၄၉)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

**ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမက ဆောင်ရွက်တော်မူသည်။**

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာကို ဖတ်ကြားတော်မူပြီး သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သရဏီယဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

**(ဥက္ကဋ္ဌ ဆရာတော်၏ သရဏီယဩဝါဒကထာကို စာမျက်နှာ-၃တွင် ဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အလေးဂရုပြု၍ ကိုယ်ခန္ဓာပင်ပန်းနွမ်းနယ်မှုကို ဂရုမထားဘဲ ကြွရောက်ချီးမြှောက်တော်မူကြကုန်သော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပစဉ်။** (သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများပြောင်းလဲတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ် ၆/၂၀၁၂)**
**၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ပြောင်းလဲ တာဝန်ပေးလိုက်သည်-

(၁) ဦးဖုန်းဇော်ဟန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၂) ဦးအောင်မောင်း စည်ပင်သာယာရေးဝန်ကြီးဌာန

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးမြို့တော်ဝန် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ် ၇/၂၀၁၂)**
**၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)**

**မန္တလေးမြို့တော်ဝန် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)တို့အရ ဦးအောင်မောင်းအား မန္တလေးမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ပုံမှန်ဆက်ဆံရေးရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

# တရုတ်-မြန်မာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ စွဲမြဲခိုင်မာစွာ ဆက်လက်ဆောင်ရွက်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Xin Jiang ဧည့်ခန်းမ၌ တွေ့ဆုံသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့်

၂၈-၂-၂၀၁၂[အင်္ဂါနေ့]။

# သုံးနားညီ တြိဂံ

ကြိုးစားအားထုတ်နေလင့်ကစား အကျိုးသက်ရောက်မှုမရှိပါက ရွေ့လျားမှုမရှိဘဲ ရပ်တန့်နေမည်။ မရွေ့လျားဘဲ ရပ်တန့်နေခြင်းသည် အလုပ်မလုပ်၊ အလုပ်မလုပ် အလုပ်မဖြစ်ဟု ညွှန်ပြနေခြင်းဖြစ်သည်။ အလုပ်မလုပ် အလုပ်မဖြစ်ဟု ညွှန်ပြနေသမျှ စိုက်ထုတ်နေရသောအားသည် တန်ဖိုးမရှိတော့ပေ။ အချည်းနှီးဖြစ်သွား၏။ အလုပ်မလုပ် အလုပ်မဖြစ်သမျှ ရှေ့သို့ ရွေ့မည်မဟုတ်။ ရှေ့သို့ မရွေ့လျားနိုင်သောကြောင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်မဟုတ်တော့ပေ။

အားစိုက်မှုကြောင့် အကျိုးသက်ရောက်မှုရှိနေပါက ရွေ့လျားမှုဖြစ်ပေါ်လာမည်။ ရွေ့လျားမှုသည် ရပ်တန့်နေခြင်းမဟုတ်ဘဲ ရှေ့သို့ ရှေ့သို့ တိုး၍ တိုး၍ ရောက်ရှိနေခြင်းဖြစ်သည်။ ရွေ့လျားနေခြင်း အကျိုးသက်ရောက်မှုရှိလျှင် အလုပ်လုပ်နေသည်။ အလုပ်ဖြစ်နေသည်ဟု ဆိုရသည်။ အလုပ်လုပ်နေခြင်း၊ အလုပ်ဖြစ်နေခြင်းသည် ရှေ့သို့တိုး၍ ရွေ့လျားနေခြင်းဖြစ်သည်။ အကျိုးသက်ရောက်မှုရှိအောင် အားစိုက်နေခြင်းကြောင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရမည်မှာ သေချာသည်။

ရည်မှန်းချက်ရောက် ခရီးပေါက်ကြသူများသည် ရွေ့လျားခြင်းအကျိုးသက်ရောက်မှုရှိအောင် အားစိုက်နိုင်ကြသူများဖြစ်သည်။ အလုပ်ဖြစ်အောင် အလုပ်လုပ်နိုင်ကြသူများဖြစ်ကြပါသည်။ ရည်မှန်းချက်ပျောက် ခရီးမရောက်ကြသူများသည် ရွေ့လျားခြင်းအကျိုးသက်ရောက်မှုရှိအောင် အားမစိုက်နိုင်ကြသူများဖြစ်သည်။ အလုပ်ဖြစ်အောင် အလုပ်မလုပ်နိုင်ကြသူများဖြစ်ကြပါသည်။ အလုပ်ဖြစ်အောင် မလုပ်နိုင်သောကြောင့် ရွေ့လျားခြင်းအကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေရသည်။

အလုပ်ဖြစ်အောင် မလုပ်ဆောင်နိုင်ခြင်းသည် အားစိုက်မှုလျော့ရဲနေသောကြောင့် ဖြစ်ပေသည်။ အားစိုက်မှုသည် လျော့ရဲမနေဘဲ အမြဲတစေ ရင့်သန်နေရန် လိုအပ်သည်။ ရင့်သန်သော စိုက်ထုတ်နိုင်မှုအားတွင် **တင်းမာသော လုံ့လ၊ တက်ကြွသောဇွဲ၊ ရဲရင့်သောသတ္တိတို့** ပါဝင်စုစည်းထားသည်။ လုံ့လ၊ ဇွဲ၊ သတ္တိတို့မှ တစ်ခုခုက အားလျော့သွားသည်နှင့် စိုက်ထုတ်မှုအား လျော့ရဲသွားသည်။ စိုက်ထုတ်မှုအား လျော့ရဲသွားသည်နှင့် ရွေ့လျားခြင်းအကျိုးသက်ရောက်မှု မဖြစ်ပေါ်နိုင်တော့ပေ။

ထို့ကြောင့် လုံ့လ၊ ဇွဲ၊ သတ္တိတည်းဟူသော အားသုံးအားပါဝင်သည့် သုံးနားညီတြိဂံတစ်ခုဖြစ်လာအောင် တည်ဆောက်ကြရမည်။ သုံးနားညီတြိဂံတွင်ပါဝင်သော အနားသုံးနားသည် အတိုအရှည်အညီအမျှဖြစ်သည်။ အနားသုံးနားညီနေခြင်းသည် သုံးနားညီတြိဂံ၏ ဝိသေသဖြစ်သည်။ သုံးနားညီတြိဂံ၏ ဝိသေသနှင့်အညီ လုံ့လ၊ ဇွဲ၊ သတ္တိတည်းဟူသော အားသုံးအားဖြစ်သည့် အနားသုံးနားမှာ အညီအမျှဖြစ်နေရမည်။ အနားသုံးနားဖြစ်သော အားသုံးအားကို အညီအမျှဖြစ်နေစေရန် ထိန်းချုပ်ထားနိုင်သည်မှာ ဉာဏ်ဖြစ်သည်။

ဉာဏ်ဖြင့် ထိန်းချုပ်ထားသည့် လုံ့လ၊ ဇွဲ၊ သတ္တိတည်းဟူသော အားသုံးအားကို သုံးနားညီတြိဂံတစ်ခုဖြစ်အောင် တည်ဆောက်ထားနိုင်ခြင်းသည် စိုက်ထုတ်မှုအား လျော့ရဲခြင်းဖြစ်မလာနိုင်ဘဲ စိုက်ထုတ်မှုအား ရင့်သန်နေမည်သာဖြစ်ပါသည်။ စိုက်ထုတ်မှုအား ရင့်သန်နေခြင်းသည် ရွေ့လျားခြင်း အကျိုးသက်ရောက်မှုဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ ရွေ့လျားခြင်း အကျိုးသက်ရောက်မှုဖြစ်အောင် ဆောင်ရွက်နေခြင်းသည် အလုပ်ဖြစ်နေခြင်း၊ အလုပ်လုပ်နေခြင်းဖြစ်ပါသည်။ အလုပ်ဖြစ်အောင် အလုပ်လုပ်နေသည်ဟုဆိုပါလျှင် ရည်မှန်းချက်မြောက်ပန်းတိုင်သို့ ရောက်ရမည်သာတည်း။ ။

# ပုလဲသွယ်စပ်မျိုးစပါးသည် အရည်အသွေးကောင်း၍ ဈေးကောင်းရ၊ မျိုးမှန်၍အဖိုးတန် ဆန်ကြိတ်ခွဲရာတွင်လည်း ဆန်ထွက်ရာခိုင်နှုန်း ၆၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းထိရှိ

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၇

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ ညောင်တောအိုင်ကွင်းရှိ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစိုက်ပျိုးမည့် ဧက ၁၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ၁၀ ရက်သားသက်တမ်းရှိ ပျိုးခင်းကို ကြည့်ရှုစစ်ဆေးအားပေးသည်။**

ထို့နောက် စိုက်ခင်းအနီး ရှင်းလင်းဆောင်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးတို့က တပ်ကုန်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုတွင် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမည့်အစီအစဉ်နှင့် GAP စိုက်နည်းစနစ်နှင့် ဧက ၅၅၀၀ကို တောင်သူ ၁၇၉၆ ဦးက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူတစ်ဦးက မိမိတို့တောင်သူများအနေဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများအတွက် ပုလဲသွယ်စပ်မျိုးစပါးသည် အရည်အသွေးကောင်း၍ ဈေးကောင်းရကြောင်း၊ မျိုးမှန်၍ အဖိုးတန်ခြင်းဖြစ်ကြောင်း၊ ဆန်ကြိတ်ခွဲရာတွင်လည်း ဆန်ထွက်ရာခိုင်နှုန်း ၆၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းထိရှိ၍ ဈေးကွက်တွင် ဝယ်လိုအားကောင်းပြီး ပျိုတိုင်းကြိုက်သော နှင်းဆီခိုင်ဖြစ်နေကြောင်း၊ တောင်သူလယ်သမားများ ညီညီညွတ်ညွတ်ဖြင့် တစ်ဆက်တစ်စပ်တည်း မျိုးသန့်စွာစိုက်ပျိုးပါက ဈေးကောင်းရမည်ဖြစ်ကြောင်း၊ တင်း ၁၀၀ လျှင် ကျပ်လေးသိန်းနှုန်းဖြင့် ကြိုတင်ပေးချေဝယ်ယူခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လေ့ကျင့်သင်ကြားပေးခြင်း၊ မျိုးဖြန့်ဖြူးပေးခြင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် မြေကြီးမှ ရွှေသီးရန်၊ သားရွှေအိုးထမ်းသည်ကို မြင်ရကိန်းဖြစ်အောင် ကိုယ်တိုင်ကြိုးစားလုပ်လိုသော ဆန္ဒရှိရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားကာ တက်ရောက်လာသူ တောင်သူဦးကြီးများအား ပုလဲသွယ်ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် အောင်ချမ်းသာရွာရှိ တောင်သူကြီး ဦးမောင်၏ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ဆောင်ရွက်နေသော ပုလဲသွယ်စပ်မျိုးစပါး ငါးဧက စိုက်ခင်းကို ကြည့်ရှုအားပေးကာ လာရောက်လေ့လာကြသော တောင်သူဦးကြီးများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးသန့်စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ပုလဲသွယ်စပ်မျိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း၏ ၆၅ ရက် သက်တမ်းရှိ အဖိုလိုင်း (R) နှင့် ၄၂ ရက်သား သက်တမ်းရှိ အမလိုင်း (A)တို့၏ ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ ဘာစမာတီ စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်သုတေသနစိုက်ခင်း၏ ၈၀ ရက်သား သက်တမ်းတွင် ဖြစ်ထွန်းအောင်မြင်နေမှု၊ ငွေချည် ၆ ချည်မျှင်ရှည်ဝါ ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း၌ ၃၀ ရက်သားရှိ ဝါပင်များ ကောင်းစွာဖွံ့ထွားနေမှုများကို လည်းကောင်း၊ ၄၀ ရက်သား အိန္ဒိယစပ်မျိုးနေကြာ (Suryakiran) ဧက ၁၀၀ စိုက်ကွင်း၌ နေကြာခင်း၏ ဖြစ်ထွန်းနေမှုများ၊ စပ်မျိုးပြောင်းဖူး ဧက ၃၀ စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ရှင်းလင်းဆောင်ရှေ့၌ ဘာစမာတီမျိုးစေ့များ၊ ပုလဲသွယ်အဖိုလိုင်း၊ အမလိုင်းမျိုးစေ့များ၊ အိန္ဒိယစပ်မျိုးနေကြာ မိဘလိုင်းမျိုးစေ့များ၊ (F 1) မျိုးစေ့များ၊ ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရွှေတောင်သုတေသနနှင့် မျိုးသန့်စိုက်ပျိုးရေးခြံ၌ မျိုးစေ့ထုတ်လုပ်ငန်းများ ပူးတွဲလုပ်ဆောင်နေကြသည့် အိန္ဒိယစိုက်ပျိုးရေးပညာရှင်များ၊ တရုတ်စိုက်ပျိုးရေးပညာရှင်များနှင့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးသန့်စိုက်ပျိုးရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ကွယ်လွန်သူမိဘနှစ်ပါးနှင့် မောင်ဖြစ်သူအား ရည်စူး၍ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်လက်ျာလမ်းနေ ဒေါ်ကျင်လှိုင်က ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်ဘူး ၁၀ လုံးအား ပျဉ်းမနားမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်ထံ ပေးအပ်လှူဒါန်းစဉ်။** (၅၈၆)

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော်　ဖေဖော်ဝါရီ　၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ပြုလုပ်မည်ဖြစ်ရာ ကြားဖြတ်ရွေးကောက်ပွဲဝင်ကြမည့် နိုင်ငံရေးပါတီ(၁၇)ပါတီနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

## နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ　၂၇**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဦးသာဘန်းအပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးက ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။　(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇ - ၂ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၄၄၄၈ | ၀. ၀၃၂၈၅ |
| တရုတ် (ယွမ်) | ၆. ၃၀၀၈၉ | ၀. ၁၅၈၇၁ |
| အိန္ဒိယ (ရူပီး) | ၄၉. ၂၃၆၃ | ၀. ၀၂၀၃၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၂၆၈၀ | ၀. ၃၃၀၃၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၉၅၇ | ၀. ၇၉၃၉၂ |
| ဂျပန် (ယန်း) | ၈၀. ၅၄၀၁ | ၀. ၀၁၂၄၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၉. ၈၅ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၄၆၅၇ | ၁. ၃၃၉၄၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၁၂၅ | ၁. ၅၈၄၁၆ |

*အင်တာနက်။*


သင့်သွေးဖြင့် အသက်ကယ်ပါ


## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၂-၂၀၁၂ (အင်္ဂါနေ့)

၇:၀၅　တရားတော်
၈:၁၅　မြန်မာ့ရှုခင်း
၄:၂၅　အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅　အင်္ဂလိပ်စာသုတ
၅:၀၀　သာယာသီကြွေး
　　　ခေတ်ဆန်းတေး
၅:၃၅　**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟာသလွင်ပြင် (အပိုင်း-၈၄)**
၆:၂၅　Guide for You
၆:၃၀　အောင်မြင်ခြင်းလမ်းမ
၇:၀၀　**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၉)**
-ဟာသရုပ်စုံ
-မွေးမြူသုတ
-တစ်လအတွင်းအကြိုက်ဆုံးဗွီစီဒီတေးများ
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်ကြီး. . . ချစ် (အပိုင်း-၂၀)(ဇာတ်သိမ်း)**
-Mini Series

☆ဆဋ္ဌအကြိမ်မှ

သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား စုံစုံညီညီ ဖူးမြော်ခွင့်ရရှိခြင်း၊ သာသနာရေးဆိုင်ရာများကို လျှောက်ထားခွင့်ရရှိခြင်း၊ သံဃဝေယျာဝစ္စအဝဝကို စီမံခန့်ခွဲဆောင်ရွက်ခွင့်ရရှိခြင်း စသည့်ထူးခြားသောပါရမီကုသိုလ်တရားများကို ဆည်းပူးခွင့်ရရှိသဖြင့် ဝမ်းမြောက်ကြည်နူးမှု ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သာမဂ္ဂီအရေး ကိုယ်စိတ်ပေး၍ စည်းဝေးညီညာ ကြွရောက်ချီးမြှောက်တော်မူလာကုန်ကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

မြတ်ဗုဒ္ဓဘုရားရှင်သည် ၄၅ ဝါတို့ကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်သော ဒေသနာတော်တို့ကို ပဓာနပြုလျက် စာပေကျမ်းဂန်များကို သင်ယူမှတ်သား ဖြန့်ပွားခြင်းတည်းဟူသော ပရိယတ္တိသာသနာ၊ တရားတော်လာအတိုင်း ကျင့်ကြံပွားများခြင်းတည်းဟူသော ပဋိပတ္တိသာသနာ၊ တရားတော်လာအတိုင်း ကျင့်ကြံပွားများ အားထုတ်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ထိုးထွင်း၍ သိမြင်ခြင်းတည်းဟူသော ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ် ထားရှိတော်မူပါသည်ဘုရား။

ပဋိပတ်ကို ကျင့်ကြံအားထုတ်သော သံဃာတော်ပေါင်း ထောင်သောင်းမက ရှိစေကာမူ ပရိယတ်ကို သင်ယူပို့ချသူ မရှိခဲ့သော် မှန်ကန်သောအကျင့်တရားများ အားနည်းညှိုးမှိန်ပြီး သာသနာတော်လည်း ပျောက်ကွယ်သွားနိုင်ပါသည် ဘုရား။ ပဋိပတ်၌တည်သော ပညာရှိပုဂ္ဂိုလ်တို့သည် ယောဂလေးပါးတို့ကုန်ရာ အရဟတ္တဖိုလ်ကို မဖျက်ဆီးနိုင်ဟူသော သဒ္ဒနီတိကျမ်းပြုဆရာတော်၏ အဆိုအမိန့်နှင့်အညီ ပရိယတ်ကို သင်ယူပြီးလျှင် ပဋိပတ်ကိုလည်း ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ လိုအပ်လှပါသည်ဘုရား။

မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်း၍ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေး လုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်ပါသည်ဘုရား။ ဖြတ်သန်းလာခဲ့သည့် နှစ်ပေါင်း ၃၀ ကျော် ကာလအတွင်း သိက္ခာမတင် သိမ်မဝင်သည့် ရဟန်းတုရဟန်းယောင်များကို ဖယ်ရှားနိုင်ခဲ့သလို မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကို ထင်ယောင်ထင်မှား ဖြစ်အောင် ဖျက်ဆီးနေကြသည့် အဓမ္မဝါဒများကိုလည်း ဖော်ထုတ်၍ စိစစ်သုံးသပ်ဆုံးဖြတ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်ဘုရား။

ကမ္ဘာလောကကြီး၌ နေမင်းကြီး ထွန်းလင်းသောအခါ အလင်းရောင်ကို စောင့်ရှောက်ထားနိုင်သကဲ့သို့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ တည်ရှိထွန်းပနေသမျှကာလပတ်လုံး ဗုဒ္ဓအဆုံးအမတည်းဟူသော သာသနာ့အလင်းရောင်ကို စောင့်ရှောက်ထားရာရောက်သည့်အတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များ မပျောက်ပျက်စေရေး ရှေးရှုပြီး တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကိုလည်း နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် စာဖြေသံဃာများပြားမှုအရ မဟာပါသာဏလိုဏ်ဂူတော်ကြီး အပြည့် စာပြန်ပလ္လင်များတွေ့ရှိရ၍လည်း သာသနာတော်အတွက် အားတက်ကြည်နူးမှု ဖြစ်ရပါသည်ဘုရား။

ယခုအခါ သာသနာတော်မြတ်ကြီးသည် ဥယျာဉ်ကြီးတစ်ခုပမာ လှပဝေဆာလျက် အခက်အလက် အသီးအပွင့်တို့ဖြင့် စည်ပင်တိုးတက်လျက်ရှိနေရာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတိုင်း ပရိယတ် ပဋိပတ်တို့ကို ကျင့်ကြံကြိုးကုတ်အားထုတ် ဆောင်ရွက်လျက်ရှိနေပါသည်ဘုရား။

ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ- ဟု ပထမ သင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပ မထေရ်မြတ်ကြီးအား ရဟန်းသံဃာများ လျှောက်ထားသည့် ဒေသနာစကားအရ သာသနာတော်သုံးရပ် အခွန့်ရှည်ကြာစွာ တည်တံ့ပြန့်ပွားရန်မှာ သာသနာတော်အသက်ဟု ဆိုထိုက်သော သီလသိက္ခာ ဝိနည်းဒေသနာပင်ဖြစ်ပါသည်ဘုရား။ ဗုဒ္ဓ၏သားတော် ရဟန်းတော်မှန်သမျှ ဝိနည်းဒေသနာတော်နှင့်အညီ ကျင့်ကြံကြိုးကုတ်အားထုတ်နေထိုင်ရမည်ဟုဆိုသဖြင့် ဝိနည်းဒေသနာတော်နှင့်အညီ နေထိုင်မှုမရှိပါက ဘုရားသားတော်မဟုတ်ဟု အပြန်အားဖြင့် ယူရမည်ဖြစ်ရာ သာသနာတော်မကွယ်ပျောက်ရေးအတွက် ဘုရားသားတော် မဟုတ်သူများကို ဖယ်ရှား၍ ဘုရားသားတော်များ တိုးပွားအောင် ဆရာတော်ကြီးများက အထူးအလေးထားဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအားလုံး သီလသိက္ခာ ဝိနည်းဒေသနာတော်ကို အလေးဂရုပြုကြပြီး လိုက်နာကျင့်သုံးနေထိုင်သွားကြမည်ဆိုပါက မြတ်ဗုဒ္ဓသာသနာတော်၌ မကြည်ညိုသေးသောသူများလည်း ကြည်ညိုလာမည်ဖြစ်ပြီး ကြည်ညိုပြီးသော ပုဂ္ဂိုလ်များသည်လည်း အတိုင်းထက်အလွန် ကြည်ညိုမှုများ တိုးပွားလာမည်ဖြစ်၍ သီလသိက္ခာအလင်းရောင်ကြောင့် သာသနာတော်သည် နေလပမာ အခွန့်ရှည်ကြာစွာ စည်ပင်ပြန့်ပွား ထွန်းလင်းနေမည်ဖြစ်ပါသည် ဘုရား။ သီလ သိက္ခာ ဝိနယဓမ္မ ထွန်းလင်းတောက်ပနေပါလျှင် သမာဓိသိက္ခာ - သုတ္တန်ဒေသနာတော်နှင့် ပညာသိက္ခာ- အဘိဓမ္မာဒေသနာတော်များသည်လည်း စည်ပင်ပြန့်ပွား ထွန်းကားလာမည်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား။

သဒ္ဓမ္မသုံးဖြာ သာသနာတော် ကွယ်ပျောက်ကြောင်း တရားငါးပါးကို အင်္ဂုတ္တရနိကာယ်ပဉ္စကနိပါတ်၊ တတိယသမ္မောသသုတ်၌ ဟောကြားတော်မူခဲ့သည်ကို နာယူမှတ်သားဖူးပါသည်ဘုရား။

**ရဟန်းတော်များသည် -**

၁။ မမှန်သော ပါဠိပုဒ် ဗျည်းတို့ဖြင့် ပို့ချခြင်း၊ သင်ယူခြင်း၊

၂။ မြတ်ဗုဒ္ဓ၏ အဆုံးအမကို မနာယူသော ဒုဗ္ဗစရဟန်းများဖြစ်ခြင်း၊

၃။ ပရိယတ္တိတတ်ကျွမ်းသော ပုဂ္ဂိုလ်ရှားပါး၍ ပါဠိအဋ္ဌကထာတို့ကို မပို့ချခြင်း၊

၄။ လာဘ်လာဘ ရှေ့တန်းတင် ပစ္စည်းလေးပါး ပေါများရန်၊ ဘုန်းကြီးရန် ကျင့်ကြံခြင်း၊

၅။ သံဃာအချင်းချင်းကွဲပြားကြကာ ဒါယကာ - ဒါယိကာမများ၏ အကြည်ညို သဒ္ဓါတရား ပျက်စီးစေခြင်း၊

တတိယသမ္မောသသုတ် ဒေသနာတော်သည် သာသနာ့ဝန်ဆောင် ရဟန်းတော်များအား အထူးအလေးထား၍ မြတ်ဗုဒ္ဓက ဩဝါဒပေးထားသည်ကို တွေ့ရှိရပါသည်ဘုရား။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းတော် သံဃာတော်များသည် ဗုဒ္ဓမိန့်မှာသည့် တတိယသမ္မောသသုတ်ဒေသနာတော်နှင့်အညီ သာသနာတော်တည်တံ့ကြောင်း ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြလျက်ရှိကြပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်များအနေဖြင့် ပရိယတ် ပဋိပတ်ခုရနှစ်ဖြာနှင့် ပြည့်စုံသည့် ရဟန်းသာမဏေများ တိုးပွားစေရေးအတွက် အခါအားလျော်စွာ ဩဝါဒပေးဆောင်ရွက်တော်မူကြပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးသို့ ကြွရောက်ချီးမြှောက်တော်မူကြကုန်သော ဆရာတော်ကြီးများ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနေနိုင်ရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စ ထောက်ပံ့လှူဒါန်းရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည်တို့၌ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းလျက် စီမံဆောင်ရွက်ထားပါသည်ဘုရား။ သို့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တပည့်တော်တို့ဝန်ကြီးဌာနများ ကိုယ်စားဆောင်ရွက်ကြသူတို့အနေဖြင့် သတိမေ့လျော့ ချို့ယွင်းမှုကြောင့် လစ်ဟင်းမှု အဆင်မပြေမှု တစ်စုံတစ်ရာ ရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရားဟု လျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂ[illegible] ပူဇော်မည့်ခြင်း အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကို တင်ပြ၍ အတည်ပြုချက်ရယူခြင်းကိုလည်း ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမေဓိန္ဒသာမိက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို တင်ပြလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်ပြ၍ လျှောက်ထားတော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး၏ ဒုတိယနေ့ ဆွမ်းအလှူကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်စုံရောင်းဝယ်ရေးလုပ်ငန်း (ဦးသိန်းမောင်-ဒေါ်ပါးပါး) စန္ဒီမလ္လရေး မိသားစုက ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

# ရဟန်းသာမဏေများ ဝိနည်းသိက္ခာများနှင့်အညီ သီတင်းသုံးနေထိုင်ရေး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ ထိထိရောက်ရောက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားသည့် သာရဏီယဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြပါကုန်သော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စများကို အဖွဲ့ခွဲသုံးခုခွဲ၍ ဆောင်ရွက်ခဲ့ကြပြီး တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ ဖြန့်ဝေဆက်ကပ်ထားပြီး ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးအကြံပေးတော်မူကြပါရန် တိုက်တွန်းလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်ကိုအခြေခံ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများကို ဆောင်ရွက်ကြရသည်ဖြစ်ရာ တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာတို့နှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။ အချို့အချို့သော သံဃာ့အဖွဲ့အစည်းတို့၏ ဆောင်ရွက်ချက်များသည် အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ခြင်းတို့ကြောင့် သတိပေးရခြင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများအရ အရေးယူရခြင်းများ ရှိခဲ့ပါသည်ဘုရား။

ဝိနိစ္ဆယမှုခင်းများမှာလည်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်သဖြင့် မူလကပင်ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ရသည့် မှုခင်းများလည်း များစွာရှိပါသည်ဘုရား။ ပညာရေးဆိုင်ရာ လုပ်ငန်းတွင်လည်း အရည်အချင်း ပျက်ယွင်းသဖြင့် အရေးယူခဲ့ရသည့် ပုဂ္ဂိုလ်များလည်း ရှိခဲ့ပါသည်ဘုရား။ ဓမ္မကထိက ဆရာတော်များ တရားဟောကြားရာတွင် ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်သည့် စကားအသုံးအနှုန်းများ၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ထိပါးသည့် စကားအသုံးအနှုန်းများ ထည့်သွင်းဟောကြားခဲ့သဖြင့် အရေးယူဆောင်ရွက်ခဲ့ရမှုများရှိပါသည်ဘုရား။ ဤဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြိုးကြပ်ကွပ်ကဲမှု အားနည်းချက်များဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပါဝင်သောအဖွဲ့က ပြင်ဆင်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖြစ်သဖြင့် ယင်းပြင်ဆင်ချက်များနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များ ပါဝင်လာရေးအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က ရွေးချယ်တင်မြှောက်ကြရန်လိုပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား-**

တပည့်တော်တို့သည် "သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး"ဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဝေးကြီး ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းကာ သာသနာတော်အရေးကိစ္စများကို ဆောင်ရွက်နေကြပါသည်ဘုရား။ ယင်းဦးတည်ချက်၊ ရည်ရွယ်ချက်များ ပြီးပြည့်စုံရေးအတွက် တပည့်တော်တို့ လိုက်နာကျင့်သုံးကြရန် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကိမိလသုတ် ဒေသနာတော်ကို အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရားသည် ကိမိလမြို့ ကျည်းပင်တော၌ သီတင်းသုံးတော်မူစဉ် အရှင်ကိမိလသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ " မြတ်စွာဘုရား----မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူလတ်သော် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ မတည်တံ့ပါသနည်း။ အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ တည်တံ့ပါသနည်း" ဟု မေးမြန်းရာ မြတ်စွာဘုရားရှင်က. . .

"ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ" စသည်ဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာ မတည်တံ့ခြင်း၏ အကြောင်းငါးပါး၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် တည်တံ့ခြင်း၏ အကြောင်းငါးပါးတို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။ ထိုကိမိလသုတ်တော်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ-

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည်. . .

(၁) သတ္ထု အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၃) သံဃ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၅) အညမည အဂါရဝ အပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရု မပြုကြဘဲ၊ အလေးဂရုပြုထိုက်သည့်အရာ၌ မထားကြဘဲ၊ အဆုံးအမစကားကို လေးစားနာယူမှုမရှိကြဘဲ၊ အမှီအခိုအကြီးအကဲ နေရာ၌ မထားကြဘဲ၊ ရိုသေတုပ်ဝပ်မှုမရှိဘဲ နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာသာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည် . . .

(၁) သတ္ထုသဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၃) သံဃ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၅) အညမည ဂါရဝ သပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့အပေါ်၌ အလေးဂရုပြုကြလျက်၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက်၊ အဆုံးအမစကားကို လေးစားနာယူကြလျက်၊ အမှီအခိုအကြီးအကဲအရာ၌ ထားကြလျက်၊ ရိုသေတုပ်ဝပ်မှုရှိကြလျက် နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ တည်တံ့နိုင်၏ဟု ဆိုလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ယခုအခါမှာ ရဟန်း၊ ရှင်၊ လူ အများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု အားနည်းလာကြပါသည်။ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှုနည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာမတည်တံ့ခြင်း၏ အကြောင်းဖြစ်သည့်အတွက် မိမိတို့၏ တပည့် ရဟန်း၊ သာမဏေများ၊ ဒကာ ဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုလေးစားမှုရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ယခုအခါ ရဟန်း၊ ရှင်၊ လူ အများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေလေးစားမှုနည်းပါးလာကြသည်။ အချို့သော ရဟန်းသာမဏေများသည် မကြည်ညိုသေးသောပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များဆတက်ထမ်းပိုးတိုး၍ ကြည်ညိုအောင် မပြုကျင့်ကြဘဲ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ အကြည်ညိုပျက်အောင်၊ မကြည်ညိုသေးသော ပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညိုအောင် ရှင်ရဟန်းတို့နှင့် မလျော်သော သာသနာ့ဂုဏ်သိက္ခာ ညှိုးမှိန်စေသည့်အလုပ်များကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြပါလိမ့်မည်ဘုရား။

သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီ သီတင်းသုံးနေထိုင်ရေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ (၇၂)ပါ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်စေရေးတို့အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ ထိထိရောက်ရောက်ဆောင်ရွက်သွားရန် လိုပါကြောင်း တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ပရိယတ္တိပညာရေးဆိုင်ရာ စာမေးပွဲများနှင့်စပ်လျဉ်း၍ လျှောက်ထားလိုသည်မှာ "သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝပမာဏံ" ဟူ၍ အဋ္ဌကထာဆရာမြတ်တို့မိန့်မှာတော်မူအပ်သည်နှင့်အညီ သာသနာတော်အရှည်ခံ၍ တည်တံ့ခြင်း၏ အဓိကအကြောင်းရင်းမှာ ပရိယတ္တိစာပေသင်ကြားပို့ချခြင်းပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမင်းအဆက်ဆက်တို့ကလည်း ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန် ရည်ရွယ်၍ ပရိယတ္တိဆိုင်ရာစာမေးပွဲများကို ခေတ်အဆက်ဆက်ကျင်းပ၍ အားပေးချီးမြှောက် ထောက်ပံ့ခဲ့ပါသည်ဘုရား။

ပရိယတ္တိပညာရေးဆိုင်ရာစာမေးပွဲများ သန့်ရှင်းစင်ကြယ်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ညွှန်ကြားလွှာများ ထုတ်ပြန်ညွှန်ကြားခဲ့သော်လည်း အဓိက ဆောင်ရွက်ကြသည့် သံဃာ့အဖွဲ့အစည်းများအနေဖြင့် ထိရောက်အောင် ဆောင်ရွက်နိုင်မှုအားနည်းနေသည်ကို တွေ့ရှိရပါသည်ဘုရား။ ပရိယတ္တိပညာရေးဆိုင်ရာ စာမေးပွဲများသည် သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်သဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် တာဝန်ရှိပါသည်ဘုရား။

သို့ဖြစ်ပါ၍ ပရိယတ္တိပညာရေးဆိုင်ရာ စာမေးပွဲများ ကျင်းပရာတွင် သန့်ရှင်းစင်ကြယ်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကလည်း မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အဖွဲ့ဝင်အချင်းချင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစားမှုရှိနေကြမှ၊ အလေးဂရုပြုထိုက်သည့် အရာ၌ထားနေကြမှ၊ အထက်အဖွဲ့အစည်း၏ ညွှန်ကြားချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာကြလျက် အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက်ဆောင်ရွက်ပေးကြမှ အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခို အကြီးအကဲအရာ၌ ထားကြမှ၊ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းက မှီခိုအားထားရာ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ်ထားကြမှသာ တပည့်တော်တို့၏ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ တည်တံ့နိုင်မည်ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ် ဦးဆောင်တော်မူကြ၍ ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူအပေါင်းတို့ ဒိဋ္ဌာနုဂတိ လိုက်လာကြစေရန် သုံးပါးရတနာကျင့်သိက္ခာနှင့် အညမည ဂါရဝတရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး အရှည်ခံ၍တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရားဟု လျှောက်ထားသည်။

# မကွေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်(၆၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၃)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် မကွေးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို တင်သွင်းခြင်း၊ အဆို(၂)ခု တင်သွင်းခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ်(၇၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုရန် အဆုံးအဖြတ် ရယူခြင်း၊ ဥပဒေကြမ်း(၂)ခုနှင့် စပ်လျဉ်း၍ အတည်ပြုရန် နေ့ရက်သတ်မှတ်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

# မိတ္ထီလာကန်ပတ်လမ်း သံဆန်ခါ ကာရံခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၇**

မိတ္ထီလာခရိုင် မိတ္ထီလာမြို့၏ သမိုင်းဝင် မိတ္ထီလာကန်အတွင်း ရေချိုးခြင်း၊ ငါးမျှားခြင်း၊ အဝတ်လျှော်ခြင်း၊ အမှိုက်ပစ်ခြင်းများ ပြုလုပ်ခြင်းမှ ကင်းဝေးစေရန် ဖောင်တော်ဦးကရဝိက်မှ မိတ္ထီလာ-မြင်းခြံ ကားလမ်းဆုံအထိ သံဆန်ခါကာရံခြင်း လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည်။**(ယာပုံ)**

အဆိုပါ သံဆန်ခါကာရံခြင်းလုပ်ငန်းတွင် ၅ လက်မပတ်လည် အမြင့် ၈ ပေရှိ ကွန်ကရစ်တိုင်များဖြင့် အရှည် ပေ ၃၈၀၀ သံဆန်ခါများကာရံပြီး ဒေသခံပြည်သူများ မိတ္ထီလာကန်မှ သန့်ရှင်းသော သောက်သုံးရေရရှိ နိုင်ရေးအတွက် ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ (၆၂၆)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဂေါက်သီးရိုက်ပြိုင်ပွဲ(၂၀၁၂) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲ (၂၀၁၂)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ ပြိုင်ပွဲအား ဂေါက်သီးရိုက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် သည် ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ International Beverages Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတင်ဦးတို့က ကျင်းအမှတ်(၁) တီခုံမှ အသီးသီးဂေါက်သီးရိုက်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် ဂေါက်ကွင်းအတွင်း ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါမြို့နယ်ပေါင်းစုံ ဂေါက်သီးရိုက်ပြိုင်ပွဲ (၂၀၁၂)တွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ ဂေါက်သီးရိုက် အသင်း(၃၉)သင်း၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၅၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**

# အန္တာတိကဒေသရှိ ဘရာဇီးသုတေသနစခန်း၌ မီးလောင်မှုဖြစ်ပွား၍ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၇

**ဘရာဇီးနိုင်ငံ၏ အန္တာတိကသုတေသနစခန်း၌ မီးလောင်မှုဖြစ်ပွားရာ ရေတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း ရေတပ်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။**

အန္တာတိကဒေသရှိ သုတေသနစခန်း၌ တည်ရှိသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဂျင်နရေတာစက်များ ထားရှိရာ အခန်းတစ်ခန်းမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခြားနေရာများသို့ မီးကူးစက်ခဲ့သည်။

ကွန်မန်ဒန့်ဖာရက်ဇ်အမည်ရှိ အဆိုပါသုတေသနစခန်း၌ ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။

အန္တာတိကကျွန်းဆွယ်ထိပ်ဖျားရှိ အဆိုပါသုတေသန စခန်း၌ အမေရိကန်ဒေါ်လာသန်း ၁၂၀ ဖိုးခန့်တန်ဖိုးရှိသော သုတေသန လုပ်ငန်းသုံးစက်ကိရိယာများမှာ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါ သုတေသနစခန်း၌ သိပ္ပံပညာရှင် ၃၀ ခန့်နှင့် ဘရာဇီးရေတပ်တပ်ဖွဲ့ဝင် ၁၂ ဦး တာဝန်ထမ်းဆောင်လျက် ရှိသည်။

အာဂျင်တီးနားလေတပ်က ယင်းစခန်း၌ရှိနေသူများကို ချီလီနိုင်ငံရှိ မြို့ကြီးတစ်မြို့သို့ လေကြောင်းမှ ပို့ဆောင်ပေးခဲ့ပြီး ယင်းနောက်တွင် ဘရာဇီးလေတပ်လေယာဉ်တစ်စင်းက ၎င်းတို့ကို မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ **အင်တာနက်။**

**ဘရာဇီး နိုင်ငံ၏ အန္တာတိက သုတေသန စခန်း၌ မီးလောင်မှု ဖြစ်ပွားမှုအား တွေ့မြင်ရစဉ်။**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ နေတိုးစစ်စခန်းကို အသေခံ ကားဗုံးခွဲတိုက်ခိုက်၊ ကိုးဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လေဆိပ်တစ်ခုအတွင်းရှိ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)အခြေစိုက်စခန်း တစ်ခုကို ပစ်မှတ်ထား၍ တနင်္လာနေ့က တာလီဘန်အသေခံဗုံးခွဲသမားတစ်ဦးက ကားဗုံးခွဲတိုက်ခိုက်ရာ ကိုးဦးသေဆုံးကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဂျာလာလာဘတ်လေဆိပ်အတွင်းမှ စစ်အခြေစိုက်စခန်းကို ကားဗုံးခွဲတိုက်ခိုက်ရာတွင် အရပ်သား ခြောက်ဦး၊ အာဖဂန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် အစောင့်နှစ်ဦး သေဆုံး၍ နေတိုးတပ်ဖွဲ့ဝင် တစ်ဦးမျှ သေဆုံးဒဏ်ရာရခြင်းမရှိခဲ့ပေ။

နန်ဂါဟာပြည်နယ်အတွင်းရှိ အခြားသောနေတိုးစစ်အခြေစိုက် စခန်းတစ်ခုတွင် နေတိုးတပ်ဖွဲ့များ၏ အစားအသောက်အတွင်း အာဖဂန်စားဖိုမှူးတစ်ဦးက အဆိပ်ခတ်ခဲ့ကြောင်း တာလီဘန်အဖွဲ့က ကြေညာသည်။

အသီးအနှံများနှင့် ဂေါ်ဖီများတွင် အရောင်ချွတ်ဆေးအကြွင်းအကျန် လက္ခဏာများတွေ့ရှိရသဖြင့် နေတိုး၏ နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အမေရိကန်သံရုံးသည် သံရုံးဝင်းတံခါးကို သော့ခတ်ထား၍ အမေရိကန်ပြည်သူများကို တိုက်ခိုက်ရန် အလားအလာများ ပိုမိုရှိလာနိုင်ကြောင်း သတိပေးထားသည်။ **အင်တာနက်။**

# ရုရှားဝန်ကြီးချုပ် ပူတင်ကို လုပ်ကြံရန်ကြံစည်မှုဖြိုခွင်းနိုင်

**မော်စကို ဖေဖော်ဝါရီ ၂၇**

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်ကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်သည်ဟူသော စွပ်စွဲချက်ဖြင့် ချေချင်းညာသူပုန်ခေါင်းဆောင်နှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာရသူများကို ရုရှားနှင့် ယူကရိန်းအထူးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း ရုရှားအစိုးရအား လိုလားသောရုပ်သံလိုင်းမှ တနင်္လာနေ့တွင် ကြေညာခဲ့သည်။

**ထုတ်လွှင့်ခဲ့**

ချေချင်းညာ စစ်ဘုရင် ဒိုကူအူမာရော့ဗ်၏ ညွှန်ကြားချက်အရ ရုရှားဝန်ကြီးချုပ်ပူတင်အား မော်စကိုမြို့တော်၌ လုပ်ကြံရန် အစ္စလာမ္မစ်စစ်သွေးကြွများက စီစဉ်ခဲ့ကြောင်း ချယ်နယ်ဝမ်း ရုပ်သံကထုတ်လွှင့်ခဲ့သည်။

အဆိုပါ မသင်္ကာရဖွယ်စစ်သွေးကြွများသည် ငှားရမ်းထားသော အိမ်ခန်းတစ်ခု၌ ဇန်နဝါရီ ၄ ရက်က ဖောက်ခွဲရေး ပစ္စည်းများ ပြုလုပ်ရန်ပြင်ဆင်နေကြစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယူကရိန်းနိုင်ငံ ပင်လယ်နက်ဆိပ်ကမ်းမြို့ အိုဒက်ဆာ၌ အဖမ်းခံရခြင်းဖြစ်သည်ဟု ရုပ်သံလိုင်းက ပြောကြားသည်။

မသင်္ကာသူများကို ဖေဖော်ဝါရီ ၄ ရက်တွင် အကြမ်းဖက်လှုပ်ရှားမှုစွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ကြောင်း ယူကရိန်းလုံခြုံရေး တပ်ဖွဲ့က ဖေဖော်ဝါရီ ၇ ရက် တွင် ပြောကြားခဲ့သည်။

ပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ယင်းသတင်းကို အတည်ပြုကြောင်း အီတာတပ်(စ်) သတင်းဌာနသို့ ပြောကြားခဲ့သည်။ သို့သော် အကျယ်ချဲ့၍ ရှင်းလင်းပြောကြားခြင်း မပြုခဲ့ပေ။ ယူကရိန်းနှင့် ရုရှားအထူးလုံခြုံရေးတပ်ဖွဲ့များကလည်းသဘောထားမှတ်ချက်ပေးရန်ငြင်းဆိုခဲ့သည်။ **အင်တာနက်။**

# ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား JICA Headquarters ၏ဒုတိယဥက္ကဋ္ဌ Mr. ARAI Izumi နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(ယာပုံ)** မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာအကူအညီပံ့ပိုးပေးရေးဆိုင်ရာကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဟိုတယ်ဇုန်အသစ် ထပ်မံဖြစ်ပေါ်လာနိုင်မည့် အခြေအနေများ ဟိုတယ်လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဂျပန်နိုင်ငံ Daimaru Kogyo Ltd. မှ Chief Executive Officer Mr. Mamoru Taniya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနရုံး၌ လာရောက်တွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်ဝင်ရောက်မှု၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် အသွားအလာများသည့် ခရီးစဉ်နေရာဒေသများ၊ မြန်မာနိုင်ငံအတွင်း ဟိုတယ်ဇုန်အလိုက် လက်ရှိအခန်းအရေအတွက်၊ နောက်ထပ်ဟိုတယ်ဇုန်အသစ် ထပ်မံဖြစ်ပေါ်လာနိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံတွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ Daimaru Kogyo Ltd. မှ Chief Executive Officer Mr. James Loh, Managing Director Mr. Hitoshi Ikeya, Director Mr. Hidehito Tsujii နှင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိန်လွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်၊ ကောလိပ်အသီးသီး၌ ကမ္ဘာ့အဆင့်မီ သင်ရိုးများဖြင့် သင်ကြားကြရမည် နိုင်ငံတော်၏ အမျိုးသားပညာရည် မြင့်မားမှုအတွက် အားတက်ဖွယ်ရာဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေး (၁/၂၀၁၂ )ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးဦးအေးကြူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးများ၊ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ အတွင်းရေးမှူး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် တက္ကသိုလ်များ ဗဟိုကောင်စီကို တက္ကသိုလ်ပညာရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ရန်၊ လမ်းညွှန်မှုပြုရန်နှင့် ကြီးကြပ်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ပညာ အဆင့်အတန်း၊ သင်ရိုးမာတိကာ၊ စာမေးပွဲနှင့် Academic ပညာရေးဆိုင်ရာ ကိစ္စအရပ်ရပ်ကို ကြီးကြပ်ရန်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တက္ကသိုလ် ဗဟိုကောင်စီနှင့် တက္ကသိုလ်ပညာရေးအဖွဲ့ကောင်စီတို့၏ အထက်တွင် နိုင်ငံတော်အဆင့် ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်ပေးသော Decision-making Body ဖြစ်သည့် National Education Committee ခေါ် အမျိုးသားပညာရေးကော်မတီရှိကြောင်း၊ ၎င်းကော်မတီ၏ ဥက္ကဋ္ဌတာဝန်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ယူရကြောင်း၊ အမျိုးသားပညာရေးကော်မတီအနေဖြင့် နိုင်ငံတော်၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသော နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး ရည်မှန်းချက်များကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သော ပညာရေးစနစ်တစ်ခု တိုးတက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရန် တာဝန်အရှိဆုံး အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ကြောင်း၊ ယနေ့ကျင်းပသော တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အတည်ပြုနိုင်ရန် တင်ပြချက်များကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြောင်း၊ ဘွဲ့ကြိုတန်းများတွင် ပညာသင်နှစ်တစ်နှစ် တိုးမြှင့်သင်ကြားရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာအသစ်များကိုလည်း တင်သွင်းကြမည်ဖြစ်ရာ နိုင်ငံတော်ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီး၌ ကမ္ဘာ့အဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများဖြင့် သင်ကြားကြရမည်ဖြစ်သဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားမှုအတွက် အားတက်ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း၊ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ လူ့အဖွဲ့အစည်း တစ်ခုအနေဖြင့်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်မှာ အရည်အသွေးမြင့်မားသည့် ပညာရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရသစ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ ကျောင်းသားလူငယ်များ၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် အလေးထား ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များကို အဆင့်တူမိတ်ဖက်တက္ကသိုလ်များအဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် မိမိတက္ကသိုလ်ဘက်မှ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန်လိုအပ်လျှင် ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သော အသုံးချသုတေသန လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ တင်ပြချက်(၁၁၄)စောင်ကို တင်ပြဆွေးနွေးညှိနှိုင်းကြကာ အတည်ပြုဆုံးဖြတ်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီအစည်းအဝေး (၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

**ရန်ကုန်မြို့အတွင်း ပြည်သူများသွားလာမှုအဆင်ပြေစေရန် မြို့တွင်း (၆)မြို့နယ်၌ ဈေးရောင်းချမှုကို သတ်မှတ်စည်းကမ်းချက်များ ထုတ်ပြန်၍ စနစ်တကျ ရောင်းချနိုင်အောင် စီစဉ်ပေးထားသော်လည်း ကားလမ်းမပေါ်အထိ ဈေးသည်များ တက်ရောက် ရောင်းချနေမှုမှာ. . .**

## ကြေးမုံမြင်ကွင်း

**ရန်ကုန်မြို့အတွင်း ခရီးသွားပြည်သူများ လိုင်းကားစီးရန် စောင့်ဆိုင်းနေစဉ် နေပူမိုးရွာ ခိုက် ခိုနားရန် မှတ်တိုင်များတွင် အမိုးအကာ၊ ထိုင်ခုံများ ထားရှိပေးထားသည့် စေတနာရှင်တို့ကို အလွန်လေးစားမိပါသည်။ သို့သော် တချို့ ကားမှတ်တိုင် ထိုင်ခုံများ၌ ကိုယ့်အကျိုးစီးပွားအတွက် ခင်းကျင်း ရောင်းချနေမှုမှာ . . . . .**

# တရားမဝင်သစ်စက်နှင့်သစ်များ ဖမ်းဆီးရမိ

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၇**

သစ်တောဦးစီးဌာနရုံးချုပ် စီမံခန့်ခွဲရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးပြင်တောအတွင်း ကွင်းဆင်းရှာဖွေစစ်ဆေးစဉ် အောင်မင်းရွာ၏ အနောက်ဘက်၌ တရားမဝင်သစ်စက် တစ်လုံးနှင့် ကျွန်း၊ သစ်မာ၊ အခြားသစ် ၃၁ ဒသမ ၂၉၂ တန်အား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိမှုအား ရုံးချုပ်စီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့် နေပြည်တော်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးတို့အဖွဲ့ ပူးပေါင်းစစ်ဆေးဖော်ထုတ်ရာ သစ်စက်ပိုင်ရှင်ဖြစ်သူ လယ်ဝေးမြို့နယ် အောင်မင်းရွာနေ ဦးဝင်းဘို(ဘ)ဦးကြွက်အား လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ပ-၃၆/၂၀၁၂၊ သစ်တောဥပဒေပုဒ်မ-၄၂(ခ)(ဂ)၊ ၄၃ (က) တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၅၈၆)

## ထူးခြားသည့်ညအပူချိန်

၂၇-၂-၂၀၁၂

လားရှိုး ၆ ဒီဂရီစင်တီဂရိတ်

နမ့်စန် ၇ ဒီဂရီစင်တီဂရိတ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးမြို့၌ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး ရည်မှန်းချက်တာဝန်များအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာပြည်) ရုံးခွဲသို့ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)သို့ ရောက်ရှိပြီး သတင်းစာစက္ကူများ သိုလှောင်ထားရှိမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ထိန်းသိမ်းမှု၊ သတင်းစာပုံနှိပ်စက်အသစ် ထပ်မံတပ်ဆင် နေရာချထားမည့် အစီအစဉ်နှင့် ဝန်ထမ်းအိမ်ရာလေးခန်းတွဲ အသစ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပုံနှိပ်စက်များကြံ့ခိုင်ရေး၊ မီးဘေးလုံခြုံရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို မှန်ကန်သော နည်းလမ်းများဖြင့် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ဝန်ထမ်းအိမ်ရာ အသစ် အရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး ဝန်ထမ်းများအား နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက်ရှိ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပုံနှိပ်ဌာန အတွင်း အခြေခံပညာ ကျောင်းသုံး ဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ မင်ကျမင်နကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် အရည်အသွေး ကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်လုပ်မှု အရည်အသွေးမြင့်မားရေး အတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ရုံဧရိယာမြေနေရာအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ပြီး ဝန်ထမ်း သက်သာချောင်ချိရေး လုပ်ငန်းများကို မှန်ကန်သောမူဘောင်အတွင်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားဇာတ်ရုံ(မန္တလေး) အစည်းအဝေးခန်းမ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)၊ ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေး)တို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ယဉ်ကျေးမှုတက္ကသိုလ်နှင့် အနုပညာအထက်တန်းကျောင်း၊ ပန်းချီ ပန်းပုကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၏ အနုပညာတတ်မြောက်မှု ပြည့်ဝမြင့်မားစေရေးအတွက် ဆရာ ဆရာမများအနေဖြင့် သင်ကြားရေး အပိုင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန်၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးကိုသာမက ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးရန်၊ ပုဂ္ဂလိကအဆောင်ပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်း၍ စည်းကမ်း စနစ်တကျရှိရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးတို့ကို ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ တက္ကသိုလ်နှင့် ကျောင်းများ၏ အနုပညာလှုပ်ရှားမှုများကို အမြဲတမ်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအကြား ရင်းနှီးမှုနှင့် အတွေ့အကြုံများ၊ ပညာရပ်များဖလှယ်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ယနေ့ကာလတွင် မိမိတို့နိုင်ငံ၏ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာကြသည့် နိုင်ငံခြားခရီးသွား ဧည့်သည်များ ဝင်ရောက်မှုမှာ ပိုမိုများပြားလာသည်နှင့်အမျှ မန္တလေးမြနန်းစံကျော် ရွှေနန်းတော်ကြီး၊ နန်းမြို့ရိုးနှင့် ကျုံး၊ မဟာအတုလဝေယံ အတုမရှိကျောင်း၊ ရွှေကျောင်းတော်ကြီး အပါအဝင် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ အင်းဝမြို့ဟောင်းနှင့် ပတ်ဝန်းကျင်ရှိ ရှေးဟောင်းနေရာများကို စနစ်တကျထိန်းသိမ်းပြုပြင်ပြီး ဆွဲဆောင်မှုရှိအောင် စီမံပြသနိုင်ခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုသမိုင်းနှင့် ဂုဏ်သိက္ခာကြီးကျယ်ခမ်းနားမှုတို့ကို နိုင်ငံတကာမှ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးတက် ရရှိလာမည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆိုပါ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ ပုံနှိပ်ဌာနအတွင်း အခြေခံပညာ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အခြေခံပညာကျောင်းများတွင် ကာယလေ့ကျင့်ချိန်အတွင်း အားကစားနည်းများလေ့ကျင့်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျောင်းသားလူငယ်များ အားကစားကို စိတ်ပါဝင်စားလာစေပြီး အားကစားလှုပ်ရှားမှုများနှင့် မပြတ်ထိတွေ့နေစေရေး အတွက် အခြေခံပညာကျောင်းများ၏ ကာယ လေ့ကျင့်ချိန်အတွင်း အားကစား နည်းတစ်မျိုးမျိုး လေ့ကျင့်ပြုလုပ်ပေးရေး ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ ကာယအချိန်အတွင်း အားကစားနည်း တစ်မျိုးမျိုး လေ့ကျင့်ပေးရေး၊ ကာယဆရာများအား နည်းပြသင်တန်းများပေးရေး၊ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ရေးကိစ္စရပ်များ မှာကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ အားကစားအရာရှိများနှင့် နည်းစနစ်မှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု ဘုရားဖူးနှင့် အပန်းဖြေ ဒုတိယအသုတ်ခရီးစဉ်ပို့ဆောင်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား

## ဆီမီး ၁၅၀၀ ပူဇော်၊ အလှူငွေများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဝန်ထမ်းများနှင့် မိသားစုများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်ကာ လုပ်ငန်းခွင်စွမ်းရည် ပိုမိုဖွံ့ဖြိုးစေရန်ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု၏ (ဒုတိယအသုတ်) ဘုရားဖူးနှင့် အပန်းဖြေလေ့လာရေးခရီးစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်က ပို့ဆောင်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်နှင့် မြန်မာ့အလင်းပုံနှိပ်တိုက် စာတည်းမှူးချုပ် ဦးတင်မောင်သန်းတို့ ဦးဆောင်၍ ဝန်ထမ်းမိသားစုအင်အား ၁၃၅ ဦးတို့က ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ဂေါပကအဖွဲ့၏ ကူညီမှုဖြင့် စေတီတော်မြတ်ကြီးအား ဆီမီး ၁၅၀၀ ထွန်းညှိ ပူဇော်ကြရာ ဝန်ထမ်းမိသားစုများနှင့်အတူ ဘုရားဖူးလာပြည်သူများကပါ ဝိုင်းဝန်းစုပေါင်းကုသိုလ်ယူပူဇော်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများက စုပေါင်းအလှူငွေကျပ် တစ်သိန်းငါးသောင်းကို စေတီတော်မြတ်ကြီး ဘက်စုံအလှူအတွက် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ထွက်ခွာရာ လမ်းခရီးရှိ ကျိုက်ပေါ်လော မဲ့ရှင်စေတီတော် အပါအဝင် ဘုရားများအား ဝင်ရောက်ဖူးမြော်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ယခုခရီးစဉ်သည် ဒုတိယအသုတ်ခရီးစဉ်ဖြစ်ပြီး မတ်လ ၂ ရက်တွင် တတိယအသုတ်ခရီးစဉ်အဖြစ် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု၏(ဒုတိယအသုတ်) ဘုရားဖူးနှင့် အပန်းဖြေ လေ့လာရေးခရီးစဉ်၌ ဝန်ထမ်းမိသားစုများ စုပေါင်းအလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ဘက်စုံအလှူအတွက် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၂-၂၀၁၂ (အင်္ဂါနေ့)**

[၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (အဖိတ်နေ့)]

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၁၅ “မနိုင်သောအရှုံး”
- ၈:၄၀ International News
- ၄:၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄:၃၀ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
- ၅:၂၅ “မီးမီးရဲ့ဆုံးဖြတ်ချက်”
- ၆:၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၄၀ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချမ်းမြေ့ပျော်ရွှင်” (အပိုင်း-၈)**
- ၇:၅၀ “အလင်းတံခါးဖွင့်လှစ် လွှမ်းခြုံနေမှာ ရေအားလျှပ်စစ် စက်ရုံရဲ့ရွာ” “ချိုမြိန်ရသာမုန့်ကမ္ဘာ” **နိုင်ငံခြားဇာတ်လမ်းတွဲ “မွေးစားသား” (အပိုင်း-၂၉) အိန္ဒိယရုပ်ရှင် “ဆွေမျိုးတော်ရင် ဘယ်လိုခေါ်လဲ” (အပိုင်း-၃)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရ မနန်းမြဟေသာအား ကျောင်းအကျိုးတော်ဆောင် နာယက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

# ညောင်တုန်းမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ညောင်တုန်းမြို့ သမိုင်းဝင် မိုးဟုတ်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းတော်ကြီးလောင်းလှူပွဲကို မတ် ၇ ရက် [တပေါင်းလပြည့်နေ့ (ဗုဒ္ဓဟူးနေ့)] နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ စုပေါင်းလှူဒါန်းကြမည်ဖြစ်သည်။ ကိုယ်တိုင်သွားရောက်မလှူဒါန်းနိုင်သော အသင်းဝင်များသည် ဦးစိုးသိမ်း(ဥက္ကဋ္ဌ) ဖုန်း-၅၇၇၆၇၂၊ ဦးအေးကျော် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၁၄၁၂၅၊ ဦးစိုးဝင်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၇၃၀၃၇၄၉၆၊ ဦးစံမြိုင် (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၁၁ ၇၆၈ နှင့် ဒေါ်ခင်ဆွေသိန်း (ဘဏ္ဍာရေးမှူး) ဖုန်း-၅၁၈၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ခရီးသည်တင်ယာဉ်များ လိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်မရှိဘဲ ခရီးသည်များ တင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(၂) ခရီးသည်များ အတက်အဆင်းပြုလုပ်ပြီးမှသာလျှင် ယာဉ်ကိုမောင်းနှင်ရမည်။

(၃) ခရီးသည်တင်ယာဉ်များသွားလာရန် ဂငယ်ယာဉ်ကြောအတွင်း၌သာ သွားလာရမည်။

(၄) ခရီးသည်တင်ယာဉ်များသည် သတ်မှတ်ထားသည့် အမြန်မိုင်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

(၅) ယာဉ်၏ အမိုး၊ ရှေ့အဖုံး၊ ရွံ့ကာ၊ နောက်ပိတ်၊ ခြေနင်းတို့ပေါ်၊ ယာဉ်ဘေးနှင့်နောက်တို့တွင် ခရီးသည်မတင်ရ။

(၆) သတ်မှတ်ထားသည့် ခရီးသည်အရေအတွက်ထက် ပိုမတင်ရ။

(၇) အန္တရာယ်မဖြစ်စေရန် ယာဉ်ကို အစဉ်ပြုပြင်ထားရမည်။

(၈) အသင့်အသုံးပြုနိုင်သည့် အရန်ဘီးတစ်ဘီးပါရှိရမည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် ရွှေလီမြစ်ကူး ရွှေလီတံတား

## တံတားအချက်အလက်များ

၁။ ရွှေလီတံတားသည် တကောင်း-ရွှေကူ-ဗန်းမော်လမ်းပေါ်တွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တို့ကို ဆက်သွယ်ထားသည်။

၂။ တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ တံတားအရှည်ပေ ၂၃၃၀ ရှိသည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းရှိသည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မှာ ရေအမြင့်ဆုံးအချိန်တွင် အမြင့်ပေ ၂၀ နှင့် အကျယ်ပေ ၁၃၀ ရှိသည်။

၅။ အလေးချိန်တန် ၆၀ ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည်။

၆။ ရွှေလီတံတားတည်ဆောက်ရေးလုပ်ငန်းများကို ၁၁-၅-၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ၉-၃-၂၀၀၃ ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ခဲ့သည်။

* မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားကားလမ်းသစ်ကြီးပေါ်တွင် ရွှေလီမြစ်ကူးတံတားကြီး တည်ဆောက်ပေးနိုင်သောကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးအဖြစ် ပိုမိုပေါ်လွင် ထင်ရှားလာသည်။
* ဗန်းမော်မြို့နှင့် မန္တလေးမြို့ကို ၂၇၅ မိုင်ရှိသည့် လမ်းကြောင်းအတိုင်း အချိန်တိုတိုဖြင့် ဆက်သွယ်သွားလာနိုင်သည့်အတွက် ဗန်းမော်ဒေသ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကုန်စည်ရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်။
* ရွှေလီတံတားတည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဒေသများ၏ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်လာသည်။
* စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများသာမက နယ်မြေချင်းထိစပ်လျက်ရှိသည့် ဒေသအသီးသီးသို့ အချိန်တိုအတွင်း ဆက်သွယ်ရောက်ရှိစေနိုင်သည့် တံတားကြီးဖြစ်သည်။



သတင်းမှတ်စု - မောင်ငြိမ်းအေး

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ တွေ့ဆုံကြစဉ်။**
(သတင်းစဉ်)

**❖ရှေ့ဖုံးမှ**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ ပြည်သူ့လွှတ်တော်နှင့် မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Zhang Zxi Jun၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယ အထွေထွေအတွင်းရေးမှူး Mr. Wang Zheng Hong၊ တရုတ်နိုင်ငံဆိုင်ရာပြည်သူ့ကွန်ဂရက်ရုံး နိုင်ငံရေးဌာန ဌာနမှူး Mr. Hu Xiao Li၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ရုံး နိုင်ငံခြားရေးဌာနမှူး Mr. Xia Ji Hui နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ အတွင်းရေးမှူး Mr. Sang Fu Hua တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မစ္စတာ ကျာချင့်လင်က ပြောကြားရာတွင် မိမိအနေဖြင့် အဆွေတော်ဥက္ကဋ္ဌကြီး၏ ဖိတ်ကြားမှုအရ ၂၀၁၁ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံဘက်မှ လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်ခဲ့သည်ကို များစွာကျေးဇူးတင်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိနေသည်ကိုလည်း ခရီးစဉ်အတွင်း ခံစားခဲ့ရပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် မိမိနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံသည်ကို များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မနှစ်က ဧပြီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်မှာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် လွှတ်တော်ကို အသိအမှတ်ပြုရာ ရောက်သဖြင့် မိမိနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များက များစွာဂုဏ်ယူဝမ်းမြောက်ခဲ့ကြပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများက များစွာကျေးဇူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံကြီးအချို့မှ မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြချိန်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာရပ်တည်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံသည် ယနေ့အချိန်အခါတွင် ယခုလက်ရှိအနေအထားသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအပေါ် အရေးယူတားဆီးပိတ်ဆို့မှုများကို အလျင်အမြန်ဖယ်ရှားပေးသွားရန် မြန်မာနိုင်ငံ၏ အကျိုးစီးပွားဘက်မှ တရုတ်နိုင်ငံက ထာဝရရပ်တည်ပေးခဲ့မှုအတွက် မြန်မာနိုင်ငံက အမြဲတမ်းကျေးဇူးတင်ရှိနေပါကြောင်း။

တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကိုလည်း မြန်မာနိုင်ငံက အလေးထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုမှ စတင်ပေါ်ထွန်းလာသည့် လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံဘက်မှ အတွေ့အကြုံများ၊ အကြံပြုချက်များကို လေ့လာသွားရန် အသင့်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ လျှောက်လှမ်းလျက်ရှိရာတွင် တရုတ်နိုင်ငံ၏ မှန်ကန်သောရပ်တည်မှု၊ ပူးပေါင်းဆောင်ရွက်ပေးမှုများအား မိမိတို့ လိုလားပါကြောင်း၊ နိုင်ငံခြားရေးမူဝါဒတွင်လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ပုံမှန်ဆက်ဆံရေးရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စု၊ အီးယူနိုင်ငံများမှ ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ လာရောက် ဆွေးနွေးမှုများရှိနေပါကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် လာရောက်စဉ်ကလည်း မိမိနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

အဓိကအားဖြင့် မိမိတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံရေး ပုံမှန်ပြန်လည်ကောင်းမွန်ရေးဖြစ်ကြောင်း၊ သို့မှသာလျှင် မိမိတို့မျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံအဖြစ် စနစ်တကျ တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းတို့နှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်ရင်းအခြားတစ်ဖက်ကလည်း တရုတ်နိုင်ငံနှင့် ရှိပြီးသား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တရုတ်-မြန်မာနှစ်နိုင်ငံအကြား တည်ဆောက်လျက်ရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဒေသတွင်းလုံခြုံရေး၊ ကာကွယ်ရေးကိစ္စရပ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ထပ်တူထပ်မျှစဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အမှန်တကယ်အားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်နှင့် မြောက်ဘက်ရှိ ကြီးမားခိုင်ခံ့သည့် လုံခြုံရေးတံတိုင်းကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်နိုင်ငံ၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်ရှိ လုံခြုံရေးတံခါးမှူးသဖွယ် ဖြစ်နေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မစ္စတာ ကျာချင့်လင်မှ ပြောကြားရာတွင် အဆွေတော်က ယခုကဲ့သို့ အသေးစိတ်ဆွေးနွေး ပြောကြားပေးသည်များကို များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်မှုမှာ အားရကျေနပ်ဖွယ်ရာ အနေအထားတွင် ရှိနေပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်သည် မိမိတို့နှစ်နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများအားလုံးအတွက် တန်ဖိုးရှိသည့် နိုင်ငံရေးအမွေအနှစ်ကောင်းတစ်ခုဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့အကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများအဖြစ်လည်း တည်ထောင်ထားရှိပြီးဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှုလည်း ကဏ္ဍအသီးသီးတွင် တိုးတက်မှုများရရှိနေပါကြောင်း။

ယခုအခါ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများမှာ ရှုပ်ထွေးကာ လျင်မြန်စွာ ပြောင်းလဲမှုများလည်း ဖြစ်ပေါ်နေပါကြောင်း၊ အချို့နိုင်ငံကြီးများတွင် စီးပွားရေးတိုးတက်မှုနှုန်းထား နှေးကွေးနေပြီး ဥရောပနိုင်ငံအများအပြား၌ ကြွေးမြီပြဿနာများဖြစ်ပွားနေချိန်တွင် အာရှနိုင်ငံများတွင်မူ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများရရှိနေပါကြောင်း။

မိမိအမြင်အရပြောရလျှင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အချက်မှာ နှစ်နိုင်ငံလုံးအနေဖြင့် မလျှော့သော လုံ့လဝီရိယဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရေမြေတောတောင်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ရာ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးတွင် အပြန်အလှန် အထောက်အကူပြုပြီး များစွာအကျိုးဖြစ်ထွန်းစေနိုင်ပါကြောင်း။

ကမ္ဘာ့နိုင်ငံရေးတွင် မည်သို့သော ပြောင်းလဲမှုများ ဖြစ်ပွားသည်ဖြစ်စေ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးမှာ ပြောင်းလဲမှုမရှိပါကြောင်း၊ အမြဲတမ်းအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ကြပါကြောင်း။

သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံများအဆင့်သို့ တက်လှမ်းနိုင်ရန် လက်တွေ့လုပ်ငန်းစဉ်များ (Action Plan) ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အနေဖြင့် မြန်မာနိုင်ငံမှ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရန်ဆောင်ရွက်ပြီး အပြန်အလှန်လေ့လာသွားကြရန် လိုအပ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့အကြား အပြန်အလှန်အထောက်အကူပြုမှု၊ အပြန်အလှန် ထောက်ခံမှုပေးသွားရန် ဖြစ်ကြောင်း၊ မိမိတို့အကြား အပြန်အလှန် ထောက်ခံပေးမှုမှာ နှစ်နိုင်ငံ ဆက်ဆံရေး၏ ထူးခြားချက်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရသစ်တစ်ရပ် ပေါ်ထွက်လာခဲ့ပြီး (၂)ရက်အကြာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့မှုမှာ မြန်မာအစိုးရသစ်နှင့် လွှတ်တော်တို့အား တရုတ်နိုင်ငံမှ ထောက်ခံအားပေးမှုကို ပြသခဲ့ခြင်း ဖြစ်ပါကြောင်း။

မြန်မာအစိုးရသစ် အနေဖြင့်လည်း ပြည်သူများ၏ လူနေမှုဘဝ ပိုမိုမြင့်မားလာစေရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တိုးတက်အောင်မြင်မှုများ ရရှိနေခြင်းအပေါ် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် မြန်မာပြည်သူပြည်သားများက ရွေးချယ်လျှောက်လှမ်းသည့် လမ်းကြောင်းကို မိမိတို့တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံအားပေးပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူမပြုသည့် အနောက်နိုင်ငံများ၏ မည်သည့် တားဆီးပိတ်ဆို့မှုမျိုးကိုမဆို မိမိတို့ လက်သင့်ခံမည်မဟုတ်ပါကြောင်း။

တတိယအချက်အနေဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား စွဲမြဲခိုင်မာစွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအချို့၏ တားဆီးပိတ်ဆို့မှုများကို ကာလတာရှည်ခံစားခဲ့ရရာ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်ကြသည့် မီးရထားလမ်းဖောက်လုပ်ရေး၊ ကားလမ်းဖောက်လုပ်ရေး၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရေးစသည့် လုပ်ငန်းများသည် နှစ်ပေါင်းများစွာ အကျိုးကျေးဇူးခံစားရစေနိုင်မည့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဖြစ်ပါကြောင်း။

သို့ရာတွင် အချို့သောအင်အားစုများအနေဖြင့် အဆိုပါစီမံကိန်းကြီးများ ရပ်တန့်သွားစေရန်၊ ဟန့်တားနိုင်ရန် သပ်လျှိုသွေးခွဲဆောင်ရွက်နေသည်များရှိပါကြောင်း၊ အဆိုပါ အကြံအစည်များကို သတိကြီးစွာထားကာ ကိုင်တွယ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးကြီးသည့်အချက်မှာ နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေးဖြစ်ပါကြောင်း၊ တရုတ်-မြန်မာနယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ခြင်းသည် နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ပြည်တွင်းတွင် အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်များမှာလည်း အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တရုတ်နိုင်ငံအနေဖြင့် အစဉ်လေးစားပြီး မြန်မာအစိုးရအနေဖြင့် ပြည်တွင်းရေးကိစ္စရပ်များကို ပြေလည်စွာ ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် ယခုကဲ့သို့ အကြံပေးပြောကြားသည်များ အပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်များ စတင်ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်သည် အေးချမ်းသာယာမှုကို ဖော်ဆောင်ပေးနိုင်သည့် မူကြီးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်များအရေးကိစ္စတွင် တရုတ်နိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ လိုအပ်လာပါကလည်း အကူအညီများ ဆက်လက်ပေးအပ်စေလိုပါကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်သို့ တက်လှမ်းနိုင်ရန် လိုအပ်သည့်လုပ်ငန်းအစီအစဉ်များ ချမှတ်ရေးဆွဲသွားရန် ကိစ္စအပေါ် ထောက်ခံကြိုဆိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များမှာ ထိရောက်ကောင်းမွန်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့် ပတ်သက်၍လည်း ကွန်မြူနစ်ပါတီအတွင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်တွင် လည်းကောင်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်တွင်လည်းကောင်း၊ အဆင့်ဆင့်သော ပါတီအဖွဲ့အစည်းများတွင် လည်းကောင်း လက်တွေ့ကျင့်သုံးနေကြ

သည်ကို တွေ့ရှိရပါ[...]
ဒီမိုကရေစီစနစ်ကို မှန်[...]
နေသည့် တရုတ်နိုင်ငံအ[...]
ကြောင်း။

မိမိအနေဖြင့် ယခုတ[...]
တရုတ်နိုင်ငံ၏ အ[...]
လေ့လာရယူနိုင်ရန် နှစ်[...]
ရေးလုပ်ငန်းစီမံကိန်း[...]
နှစ်ဖက်မျှတစွာ အကျိုး[...]
အောင်မြင်စွာ ဆော[...]
အသိပေးပြောကြားနိုင်[...]
မိတ်ဆွေနိုင်ငံ၊ အိမ်နီး[...]
များဖြစ်ကြသည့် မြန်မာ[...]
တို့အကြားမည်သူပင်[...]
ဖြစ်စေ၊ သွေးမကွဲဘဲ [...]
စွာနေထိုင်ပြီး နှစ်[...]
အကျိုးဖြစ်ထွန်းစေသေ[...]
မှုပြုကာ ဆက်လက်ပူ[...]
သွားမည်ဖြစ်ပါကြောင်း[...]
သည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်[...] ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မ[...] ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်[...] နှုတ်ဆက်ကြစဉ်။**

## မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံဆန်စပါးကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်သို့ ကျင်းပသော အာဆီယံစီးပွားရေးဝန်ကြီးများ တွေ့ဆုံပွဲသို့တက်ရောက်ရန် ရောက်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Gita Wirjawan အား မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းတိုးတို့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော် အမရာဟိုတယ်သို့ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် Perum Bulog တို့အကြား ချုပ်ဆိုထားသော ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိစ္စရပ်များ၊ နှစ်နိုင်ငံဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့် ကုန်သွယ်မှုမြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဆန်စပါး ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(ဆန်စပါးလုပ်ငန်း အသင်း)

## ထားဝယ်မြို့[...]
## လောကမာရဇိန်[...]

**နေပြည်တော်** [...]

တနင်္သာရီတိုင်းဒေသ[...]
သမိုင်းဝင် ရွှေတော[...]
မြတ်ကြီးနှင့် လောက[...]
ဗုဒ္ဓပူဇနီယပွဲတော်ကို ၁[...]
လဆန်း ၁၁ ရက်မှ [...]
ရက်(မတ် ၃ရက် မှ ၈ [...]
ရက်တိုင်တိုင် ကျင်းပမ[...]

ဗုဒ္ဓပူဇနီယပွဲတော်[...]
သက္ကရာဇ် ၁၁၂၄ ခု[...]
တည်ထားခဲ့သော သမိုင်[...]
စေတီတော်မြတ်ကြီး၏[...]
အကြို ရွှေသင်္ကန်းကပ[...]
ခုနှစ်က ပဥ္စမသင်္ဂါယ[...]
မင်းတရားကြီးလှူဒါန်း[...]
မာရဇိန်ဘုရားကြီး၏ [...]
ကျစ်တော်အား စိန်၊ရွှေ[...]
မျိုးစုံဖြင့် တင်တယ်စွာ[...]
လှူပူဇော်၍ အနေ[...]
ပြုလုပ်ခြင်းနှင့် [...]
တိုးတက်ရေးတို့အတွက်[...]
အဆင့်မြင့်တည်ဆော[...]
နှင့် လှူဒါန်းခဲ့ပြီးသော [...]
အစုစုတို့အား [...]
နာယူ၍ အမျှပေးဝေ[...]

သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ် င်ရေးအတိုင်ပင်ခံ ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်တို့ ရင်းရင်းနှီးနှီး ကြစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းစွာအတူ ယှဉ်တွဲ ကြီး(၅)ချက်သည် အေးချမ်း ဖော်ဆောင်ပေးနိုင်သည့် ပါကြောင်း၊ မြန်မာနိုင်ငံ၏ အတွက် ပြည်တွင်းလက်နက် ရေးကိစ္စတွင် တရုတ်နိုင်ငံ ဆောင်ရွက်ပေးခဲ့မှုများအပေါ် ဇူးတင်ရှိကြောင်း ပြောကြား လိုအပ်လာပါကလည်း အကူ ဆက်လက်ပေးအပ်စေလို

ရုတ် နှစ်နိုင်ငံ ဘက်စုံမဟာ ပူးပေါင်းဆောင်ရွက်ရေး များအဆင့်သို့ တက်လှမ်းနိုင် သည့်လုပ်ငန်းအစီအစဉ်များ သွားရန် ကိစ္စအပေါ် ဆိုပါကြောင်း။

ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေး၊ ကိစ္စရပ်များမှာ ထိရောက် ရှိသည်ကို လေ့လာတွေ့ရှိရ ဒီမိုကရေစီကျင့်စဉ်နှင့် လည်း ကွန်မြူနစ်ပါတီအတွင်း ကြောင်း၊ တရုတ်ပြည်သူ့နိုင်ငံ ခံကွန်ဖရင့်တွင် လည်း တရုတ်အမျိုးသားပြည်သူ့ င်လည်းကောင်း၊ အဆင့် ပါတီအဖွဲ့အစည်းများတွင် လက်တွေ့ကျင့်သုံးနေကြ

သည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ကျင့်သုံး နေသည့် တရုတ်နိုင်ငံအဖြစ် ပြောကြားနိုင်ပါ ကြောင်း။

မိမိအနေဖြင့် ယခုတရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာရယူနိုင်ရန် နှစ်နိုင်ငံအကြား စီးပွား ရေးလုပ်ငန်းစီမံကိန်းကြီးများကို နှစ်ဦး နှစ်ဖက်မျှတစွာ အကျိုးရှိစေပြီး ဆက်လက် အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေး အသိပေးပြောကြားနိုင်ရန်ဖြစ်ပါကြောင်းနှင့် မိတ်ဆွေနိုင်ငံ၊ အိမ်နီးချင်းကောင်းနိုင်ငံ များဖြစ်ကြသည့် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ တို့အကြားမည်သူပင် သွေးခွဲလာသည် ဖြစ်စေ၊ သွေးမကွဲဘဲ ဆက်လက်ချစ်ကြည် စွာနေထိုင်ပြီး နှစ်ဦးနှစ်ဖက်မျှမျှတတ အကျိုးဖြစ်ထွန်းစေသော ညှိနှိုင်းဆွေးနွေး မှုပြုကာ ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြား သည်။

(သတင်းစဉ်)

* ကျောဖုံးမှ

ထည်ထည်ဝါဝါရပ်တည်လျက်ရှိနေသည်ကို မိမိတို့အားကျမိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တရုတ်နိုင်ငံကဲ့သို့ လုပ်ဆောင်မှုမျိုးရှိစေလိုကြောင်း၊ သို့ဖြစ်ရာ ယခုခရီးစဉ်တွင် တရုတ်နိုင်ငံမှ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများရရှိမည်ဟု မျှော်လင့်ပါကြောင်း။

မြန်မာ-တရုတ်ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးသက်ရောက်မှုရှိစေသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာကိုလေးစားကြောင်း တရုတ်နိုင်ငံ၏ အသိအမှတ်ပြုမှုသည် မိမိတို့အတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည့် အချိန်များတွင် တရုတ်အစိုးရက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာ ရပ်တည်ပေးခဲ့မှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့ခရီးတွင်လည်း မြန်မာနိုင်ငံဘက်မှ မှန်မှန်ကန်ကန် ဆက်လက်ရပ်တည်ပေးမည်ဟု မျှော်လင့်ကြောင်း။

အလားတူ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် တရုတ်ပြည်မှ ဆက်လက်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း။

တရုတ်၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ချက်ကိုလည်း ထောက်ခံကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါကိစ္စတွင် လွှတ်တော်၏ ကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိစ္စရပ်များနှင့်ပတ်သက်ပြီး လိုအပ်သည့် အတွေ့အကြုံများရှိလျှင် ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မစ္စတာ Li yuan chao က မြန်မာခရီးစဉ်တွင် တွေ့ဆုံခဲ့ရသည့် မိတ်ဆွေဟောင်းများအား ပြန်လည်တွေ့ရသည့်အတွက် ဝမ်းသာမိကြောင်း၊ ဒီမိုကရေစီသည် အပြောသာမဟုတ် လက်တွေ့အနှစ်သာရကိုလည်း ကြည့်ရပါကြောင်း၊ မိမိတို့၏ အတွေ့အကြုံအရ စနစ်တကျဦးစီးသည့် ဒီမိုကရေစီစနစ်သည် ကောင်းမွန်သည့်စနစ်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့ဒီမိုကရေစီစနစ်ကို ဦးဆောင်သူသည် တရုတ်ကွန်မြူနစ်ပါတီဖြစ်ကြောင်း၊ တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီတစ်ခုတည်းမဟုတ်ကြောင်း၊ အခြားပါတီများရှိသော်လည်း တရုတ်ကွန်မြူနစ်ပါတီဦးဆောင်သည့် ဒီမိုကရေစီစနစ်ကို ထူထောင်ခဲ့ကြကြောင်း၊ နိုင်ငံရေးဘက်တွင် ကိစ္စရပ်များရှိလာပါက ပါတီအချင်းချင်း ညှိနှိုင်းမှုရှိကြောင်း၊ အဆင်ပြေစွာ ဆက်ဆံကြကြောင်း၊ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး ပြည်သူနှစ်သက်သည့်အတွက် အချို့နိုင်ငံမှ နိုင်ငံရေးသမားများ မိမိတို့စနစ်အား မကြိုက်ကြောင်း၊ အဆိုပါနိုင်ငံများတွင် အာဏာရပါတီများ မကြာခဏ အပြောင်းအလဲရှိကြောင်း။

တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီ အာဏာရသည်မှာ နှစ်ပေါင်း (၆၀)ရှိပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် အမျိုးသားဒီမိုကရေစီကျင့်သုံးနေသကဲ့သို့ တရုတ်ကွန်မြူနစ်ပါတီသည် ဒီမိုကရေစီဗဟိုဦးစီးစနစ်ကို ကျင့်သုံးကြောင်း၊ ပြည်သူလူထု၏ လိုလားချက်များကို တာဝန်ရှိသူများက အထက်အဆင့်သို့တင်ပြပြီး အထက်အဆင့်မှ ဆွေးနွေးဆုံးဖြတ်၍ အောက်ခြေသို့ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်စေပါကြောင်း၊ ဒီမိုကရေစီလိုအပ်ပါကြောင်း၊ ဒီမိုကရေစီမရှိလျှင် ပြည်သူလူထု ပြည်သူ့ထင်မြင်မှုဆန္ဒကို မထင်ဟပ်နိုင်ကြောင်း၊ တရုတ်၏ ဗဟိုဦးစီးစနစ်သည် လေ့လာရုံသာမဟုတ် တိုင်ပင်ညှိနှိုင်းခြင်းပါဝင်ကြောင်း၊ CPPCC ရှိ ပါတီအချင်းချင်း ညှိနှိုင်းမှုရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်သည် ဒီမိုကရေစီနည်းလမ်းကျသည့် စနစ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား မတူကွဲပြားခြားနားမှုများရှိကြောင်း၊ သို့ဖြစ်ရာ အခြား နိုင်ငံများ၏ ဒီမိုကရေစီစနစ်အတိုင်း လိုက်ပါကျင့်သုံးရန် ကြိုးပမ်းပါက ပြင်ပလွှမ်းမိုးမှုရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မိမိအခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ရွေးချယ်စေလိုကြောင်း၊ တရုတ်နိုင်ငံတွင် စီးပွားရေးစနစ်က ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်း၊ အဆိုပါစနစ်မှာ အတွေ့အကြုံအရ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်အတွက် အထူးအကျိုးရှိကြောင်း။

ဈေးကွက်စီးပွားရေးစနစ်အား အင်္ဂလန်နိုင်ငံက စတင်ဖန်တီးခဲ့သော်လည်း ယခုအခါ တစ်ကမ္ဘာလုံးတွင် အကြီးကျယ်ဆုံးဈေးကွက်စနစ်မှာ အမေရိကန်ဖြစ်ကြောင်း၊ မိမိတို့၏ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နမူနာရယူဆောင်ရွက်ခဲ့ရာတွင် ပြဿနာများလည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဖြစ်ပေါ်လာသည့် ပြဿနာများတွင် ဆင်းရဲ-ချမ်းသာကွာဟမှု၊ ငွေကြေးဖောင်းပွမှု စသည်တို့လည်း ပါဝင်ကြောင်း၊ အချို့ကိစ္စရပ်များကို ထိန်းချုပ်နိုင်ရန် ဈေးကွက်စီးပွားရေးစနစ်ကို macro control လုပ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရက ဈေးကွက်စနစ်ကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍတွင် အစိုးရ၏ ပါဝင်ပတ်သက်မှု များပြားလာကြောင်း၊ အရေးကြီးသည့်အချက်မှာ စီးပွားရေးလုပ်ငန်းကြီးများကို နိုင်ငံပိုင်ကုမ္ပဏီများက တာဝန်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်း။

တရုတ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီများကို နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း၊ သို့မှသာ လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်မီးသွေး အသုံးပြုမှုများပြားပါက တရုတ်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကို ထိခိုက်စေနိုင်ကြောင်း၊ အလားတူ စားနပ်ရိက္ခာထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း၊ အဓိကအားဖြင့် စားနပ်ရိက္ခာဈေးနှုန်း တည်ငြိမ်မှုရှိစေရေး ထိန်းထားနိုင်ရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် နိုင်ငံပိုင်ကုမ္ပဏီ ၅၄ ခုသည် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ (၅၀၀) စာရင်းတွင် ပါဝင်နေကြောင်း။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းသည် တရုတ်နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးပေါ်လစီမှာ တိုင်းပြည်အတွက် အကျိုးရှိမည့် မူဝါဒများကို အတုယူကြောင်း၊ တရုတ်နိုင်ငံအတွက် အကျိုးရှိမလား၊ လုပ်၍ရနိုင်မလားဟု ထည့်သွင်းစဉ်းစားရကြောင်း၊ မည်သည့်ကိစ္စမဆို သူများအတွေ့အကြုံယူပြီး မိမိနိုင်ငံနှင့် ကိုက်ညီမည့် ပြုပြင်ပြောင်းလဲမှုလုပ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ သန်းတစ်ထောင်ကျော်ရှိသည့် ပြည်သူများကို ဦးဆောင်နိုင်ရန် ခိုင်မာပြီး ဦးဆောင်နိုင်သည့် စနစ်တစ်ခု လိုအပ်ကြောင်း၊ အဆိုပါစနစ်ကို တရုတ်ကွန်မြူနစ်ပါတီကသာ ဆောင်ရွက်နိုင်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထု၏ လိုအင်ဆန္ဒကို အထက်အဖွဲ့အစည်းက သိရှိနိုင်ရမည်ဖြစ်ကြောင်း။

ပါတီနှင့် လွှတ်တော်ဒီမိုကရေစီစနစ် ခြားနားမှုလည်းရှိကြောင်း၊ တရုတ်က ဒီမိုကရေစီ ဗဟိုဦးစီးစနစ် ကျင့်သုံးကြောင်း၊ ယခု တရုတ်ကွန်မြူနစ်ပါတီတွင် ပါတီဝင်စုစုပေါင်း သန်း ၈၀ ကျော်ရှိကြောင်း၊ ၎င်းတို့သည် တရုတ်ပြည်သူများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိကြောင်း၊ ကိုယ်စားလှယ်များအား အောက်အဆင့်ဆင့်မှ ရွေးချယ်ပြီး ဗဟိုအဆင့်ထိ အဆင့်ဆင့်ရွေးချယ်ကြောင်း။

တရုတ်ကွန်မြူနစ်ပါတီတည်ထောင်သည့်အခါ သတ်မှတ်ချက်မှာလည်း ဗဟိုဦးစီးစနစ်တွင် အောက်အဆင့်ဆင့် ကော်မတီများက အထက်ကော်မတီကို လိုက်နာရကြောင်း၊ ပါတီကော်မတီများသည် ဗဟိုကော်မတီကို အဆင့်ဆင့်လိုက်နာရကြောင်း၊ သို့ဖြစ်ရာ တရုတ်ကွန်မြူနစ်ပါတီမှ ဒီမိုကရေစီစနစ်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ဒီမိုကရေစီစနစ်မှာ တစ်ထပ်တည်းကျပါကြောင်း။

နောက်ဆုံးဗဟိုဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ပြည်သူများ၏ လိုအင်ဆန္ဒကို ဖော်ပြနိုင်ရုံသာမက အောက်အဆင့်ဆင့်အထိ ကျင့်သုံးနိုင်ကြောင်း၊ ဥပမာ ကျန်းစုပြည်နယ်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အကျိုးကျေးဇူးကို ခံစားရသည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးအရ တိုးတက်ကောင်းမွန်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်များ မဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံ၏ စီးပွားရေးသည် လက်ရှိပမာဏ၏ တစ်ဝက်ခန့်သာ ရှိနိုင်ကြောင်း၊ ဖွံ့ဖြိုးရေးဇုန်များမှ အကောက်ခွန်ဝင်ငွေ များစွာရရှိကြောင်း၊ ကျန်းစုပြည်နယ်သည် စီးပွားရေးဦးစားပေးမူဝါဒ မရှိသည့် ပြည်နယ်များထက် ဝင်ငွေ ၁၀ ဆခန့် များပြားကြောင်း။

တရုတ်အစိုးရအနေဖြင့် တိုင်းပြည်၏ ဒေသတိုင်းတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ကျန်းစုပြည်နယ်၏ အခွန် ၆၀ ရာခိုင်နှုန်းကို ဗဟိုသို့ ပေးပို့သွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ကျန်းစုပြည်နယ်မှာ တရုတ်ကွန်မြူနစ်ပါတီဗဟို၏ ဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သောစနစ်နှင့် ပြည်သူလူထုပေါင်းပြီး ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြောင်း၊ နိုင်ငံနှင့်ကိုက်ညီသည့် လမ်းကြောင်းမှန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ရှင်းလင်းပြောကြားပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များသည် သမိုင်းမှရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံပြီး လက်ခံကျင့်သုံးသည်ဟု ထင်မြင်ယူဆပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့အခြေအနေနှင့် ကိုက်ညီသည့်စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တည်ထောင်ရန် ပြည်သူများက ရွေးချယ်ထားပါကြောင်း၊ ယနေ့မြန်မာနိုင်ငံအခြေအနေမှာ လွှတ်တော်တွင်းရောက်ရှိလာသည့် နိုင်ငံရေးပါတီပေါင်း (၁၇) ခုရှိကြောင်း။

ပေကျင်းတက္ကသိုလ်သည် နာမည်ကြီးသကဲ့သို့ ကျင်းဟွာတက္ကသိုလ်သည်လည်း နာမည်ကျော်ကြားပါကြောင်း၊ မြန်မာကျောင်းသားများကိုလည်း ပိုမိုလက်ခံပေးပါရန် တိုက်တွန်းလိုကြောင်း၊ ယနေ့တွေ့ဆုံမှုသည် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၂-၂၀၁၂ (အင်္ဂါနေ့)**

| | |
|---|---|
| ၅း၄၀ | "သောတာပန်ဖြစ်ကြောင်း" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမ္ပဆရာတော်)] |
| ၉း၂၀ | Cartoon Show Time |
| ၁၀း၀၅ | နေသူရိန်ရဲ့မှုသားမပြောသောရွာ DVD ကားမိတ်ဆက် |
| ၁၀း၃၅ | Celebrity Style (သဇင်) |
| ၁၁း၀၀ | ဆိုင်ကယ်ချစ်သူများအတွက် Tokyo Yankee |
| ၁၂း၄၀ | ပုဂံကုသိနာရုံဘုရားဗုဒ္ဓပူဇနိယပွဲ |
| ၂း၂၀ | ကလေးတို့အတွက်လမ်းညွှန် |
| ၂း၅၀ | ဆံကေသာအလှအတွက် Eushido |
| ၃း၁၀ | ရန်ကုန်မြင်ကွင်းကျယ် (STI Education နှစ်ပတ်လည်နှင့် အောင်လက်မှတ်ချီးမြှင့်ပွဲ) |
| ၅း၀၅ | SILDORA ကံထူးရှင်ရွေးချယ်ပွဲ |
| ၅း၁၅ | Activities in The City [2nd GI & LIVER Scientific Meeting အထိမ်းအမှတ် ညစာစားပွဲ] |
| ၆း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၆) |
| ၇း၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၂၀ | Celebrity Choice (ရှင်းရှင်း) |
| ၉း၂၀ | The Shop Around The Corner (Part-32) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈၃)** |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၃၀) |
| ၁၁း၁၀ | စာနယ်ဇင်းသမား အမှားနှစ်ထောင် (ဦးမြတ်ခိုင်) |
| ၁၂း၅၅ | ဆိုဆေးသုံးအစားအစာများ (ဒေါက်တာဝင်းသိန်း၊ ဖြိုးပိုပို) |
| ၂း၂၀ | မေတ္တာနန္ဒမှုသည် မိဘမဲ့ကလေးငယ်များဆီသို့ |
| ၄း၃၅ | သာသနာ့အကျိုးရွက်သယ်ပိုးကာ စံပြုထိုက်ရာ "သကျမိတ" |

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# တွေ့ဆုံဆွေးနွေး

တွေ့ဆုံပွဲသို့တက်ရောက်ရန် နိုင်ငံဆန်စပါးလုပ်ငန်းအသင်း င့် ဗဟိုအလုပ်အမှုဆောင် ိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း စ္စရပ်များ၊ နှစ်နိုင်ငံဆန်စပါး များကို ဆွေးနွေးခဲ့ကြကြောင်း

(သတင်းစဉ်)

**မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဆန်စပါး ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

(ဆန်စပါးလုပ်ငန်း အသင်း)

# ထားဝယ်မြို့ ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့် လောကမာရဇိန်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သမိုင်းဝင် ရွှေတောင်စား စေတီတော်မြတ်ကြီးနှင့် လောကမာရဇိန်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ ရက်(မတ် ၃ရက် မှ ၈ ရက်)အထိ ခြောက်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် ကောဇာသက္ကရာဇ် ၁၁၂၄ ခုနှစ်က မင်းရှင်ဖော် တည်ထားခဲ့သော သမိုင်းဝင် ရွှေတောင်စား စေတီတော်မြတ်ကြီး၏ နှစ်(၂၅၀) ပြည့် အကြို ရွှေသင်္ကန်းကပ်လှူခြင်း၊ ၁၂၇၇ ခုနှစ်က ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလှူဒါန်းခဲ့သော လောကမာရဇိန်ဘုရားကြီး၏ ရွှေသားနဖူးသင်းကျစ်တော်အား စိန်၊ရွှေကျောက် ရတနာမျိုးစုံဖြင့် တင့်တယ်စွာ မွမ်းမံတပ်ဆင်ကပ်လှူပူဇော်၍ အနေကဇာတင်မင်္ဂလာပြုလုပ်ခြင်းနှင့် ထာဝရဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြည်ညိုဖွယ် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့် လှူဒါန်းခဲ့ပြီးသော ကုသိုလ်ကောင်းမှု အစုစုတို့အား ရေစက်ချတရားတော်နာယူ၍ အမျှပေးဝေခြင်းတို့ကို တပေါင်းလပြည့်နေ့ နံနက် အရုဏ်အချိန်တွင် ကျင်းပမည်ဖြစ်သည်။

ဘုရားကြီးဝင်းအတွင်း ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ရာ မတ် ၃ ရက်တွင် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်နာယက ရွှေမြင့်မိုရ်ဆရာတော် ပြည်တွင်းပြည်ပသာသနာပြု ကမ္မဋ္ဌာနာစရိယ (ပိဋကတ်တစ်ပုံအောင်၊ ၇-ဘွဲ့ရ ဓမ္မာစရိယ) အရှင်သောဘဏ ကလည်းကောင်း၊ မတ် ၄ ရက်တွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက ကျိုက္ကလော့ဆရာတော် ပြည်တွင်းပြည်ပသာသနာပြု ကမ္မဋ္ဌာနာစရိယ ပထမကျော် (သ. စ. အ) ဓမ္မာစရိယ M.A(Ph.D) ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း ဘုရားကြီးဝင်း၌ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ မော်ကွန်းရုပ်ရှင်၊ ကြည့်ချင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၉-၂၁၁၆၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုသိမ်ရှေ့နေများအသင်း (၇၅)နှစ်မြောက် စိန်ရတုသဘင်အခမ်းအနား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တရားလွှတ်တော်တရားသူကြီးများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသည့် ပုသိမ်ရှေ့နေများအသင်း (၇၅)နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှေ့နေရှေ့ရပ်များ၏ လုပ်ငန်းသည် တရားစီရင်ရေးတွင် တရားမျှတမှန်ကန်မှု ရရှိစေရေးအတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ တရားနှင့်မတရား၊ ဓမ္မနှင့်အဓမ္မ ခွဲခြားနားလည်ပြီး မိမိ၏စိတ်သဘောကို သန့်ရှင်းစင်ကြယ်စေလျက် မကောင်းမွန်မှု၊ မမှန်ကန်မှု၊ မတရားမှုများကိုဖယ်ရှားကာ ကောင်းမွန်မှု၊ မှန်ကန်မှု၊ တရားမျှတမှုတို့ကို ပြည့်စုံစေရန် လိုအပ်ပါကြောင်း၊ ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေကြသူများ ဖြစ်ပါကြောင်း၊ တရားစီရင်ရေး၏ အခြေခံသဘောမှာ တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သော စိတ်ထားရှိခြင်းနှင့် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခြင်းတို့ပင်ဖြစ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းတွင် အကျိုးတော်ဆောင်များအဖြစ် ပါဝင်ထမ်းရွက်နေကြရသည့် ရှေ့နေရှေ့ရပ်များသည် အခကြေးငွေရရှိရေး တစ်ခုတည်းကိုသာ အဓိက ပဓာနမထားဘဲ ရှေ့နေရှေ့ရပ်လုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေသည့် ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာကြရန်နှင့် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် မိမိတို့ အထူးပြုသင်ကြား လေ့လာဆည်းပူးထားသော ဥပဒေပညာဖြင့် မိမိတို့၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်ရှေ့နေများအသင်း (၇၅)နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# သဘာဝဘေးကို ကြိုတင်စီမံပြင်ဆင်မှုဖြင့် အနိုင်ယူကြမည်

**အညတရ**

ယနေ့ကမ္ဘာတစ်လွှားတွင် ဘေးအန္တရာယ်များ အဖြစ်များလျက်ရှိရာ ယခင်ထက် ပျက်စီးဆုံးရှုံးမှုများလည်း ပိုမိုများပြားလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း မြစ်ဆုံများရှိခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအဟန့်အတား ဖြစ်စေသည်ကို တွေ့ရှိရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိခိုက်သေကျေပျက်စီး ဆုံးရှုံးမှုများတွင် ဘေးအမျိုးအစားနှင့် ဘေး၏ ပြင်းအားပမာဏချင်းတူပါလျက် အချို့သော ဘေးများတွင် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုပမာဏများပြီး အချို့သော ဘေးများတွင်မူ ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုပမာဏ နည်းပါးသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

ဥပမာအားဖြင့် ၂၀၁၀ ခုနှစ်တွင် ရစ်ချ်တာစကေး ၇ ဖြင့် လှုပ်ခဲ့သည့် ဟေတီ ငလျင်တွင် သေဆုံးသူ ၃၁၆၀၀၀ ဦးရှိခဲ့ပြီး ပိုမိုပြင်းထန်သော ရစ်ချ်တာစကေး ၈ ဒသမ ၈ ဖြင့်လှုပ်ခဲ့သည့် ချီလီငလျင်တွင်မူ လူနေအိမ် ငါးသိန်းကျော် ပျက်စီးခဲ့သော်လည်း သေဆုံးသူ ၇၀၈ ဦးသာရှိပါသည်။

တစ်ဖန် မြန်မာနိုင်ငံ၌လည်း ပျမ်းမျှလေတိုက်နှုန်း မိုင် ၁၂၀ နှင့် တိုက်ခဲ့သော ၂၀၀၈ ခုနှစ် "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်းဘေးတွင် သေဆုံး/ပျောက်ဆုံးသူ ၁၃၈၃၇၃ ဦးရှိပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၁ ဒသမ ၇ ထရီလီယံဖြစ်သော်လည်း အလားတူပျမ်းမျှလေတိုက်နှုန်း မိုင် ၁၂၀ နှင့်ပင်တိုက်ခဲ့သော ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းဘေးတွင်မူ သေဆုံး/ပျောက်ဆုံးသူ ၅၈ ဦးနှင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၀ ဒသမ ၀၂၄ ထရီလီယံသာရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ဘေးအမျိုးအစားနှင့် ပြင်းအားချင်းတူပါလျက် သေကျေပျက်စီး ဆုံးရှုံးမှုပမာဏတွင် ကွာခြားရခြင်းကို လေ့လာသည့်အခါတွင် သဘာဝဘေးကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးနိုင်မှုပမာဏ အနည်းအများသည် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပညာရှင်များနှင့် သုတေသီများ ဖော်ထုတ်ထားသော အောက်ဖော်ပြပါ အချက်(၃)ချက်ကြောင့် ဖြစ်ရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်-

(က) ဘေးဖြစ်ပွားရာဒေသ၏ ပျော့ကွက်၊ အားနည်းချက်များရှိနေမှု အတိုင်းအတာ (ဘေးအန္တရာယ်ရှိသော မြေအနေအထားဖြစ်သည့် မြစ်ရိုး၊ ချောင်းရိုး၊ မြေနိမ့်ဒေသ၊ လေကာမဲ့သောကွင်းပြင်နှင့် ငလျင်ဇုန် စသော နေရာများတွင် မြို့ရွာတည်ထောင်ထားခြင်း)နှင့် ဒေသ၏ လူနေမှု အစိပ်အကျဲ၊

(ခ) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များနှင့် မိမိတို့၏ပါဝင်ရမည့် အခန်းကဏ္ဍကို ပြည်သူလူထုက သိရှိထားမှု အခြေအနေ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအပေါ် ပြည်သူလူထုမှ စိတ်ဝင်စားမှုအခြေအနေ၊ သဘာဝဘေးများကို ကြိုတင်မြော်တွေး၍ စီမံပြင်ဆင်ထားမှု၊ လေ့ကျင့်ဇာတ်တိုက်ထားမှုအခြေအနေ၊

(ဂ) ကျရောက်သော သဘာဝဘေးအမျိုးအစားနှင့် ပြင်းအားအတိုင်းအဆ၊ ဖော်ပြပါ အချက်(၃)ချက်အနက် တတိယအချက်ကို မိမိတို့လူသားများ အနေဖြင့် ပြုပြင်၍မရသော်လည်း ပထမနှင့် ဒုတိယအချက်ကိုမူ ပြုပြင်ရနိုင်သဖြင့် စဉ်းစားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။ ဟေတီနှင့် ချီလီငလျင်များကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် ဟေတီငလျင်တွင် ပထမ အချက်ဖြစ်သော ဘေးဖြစ်သည့်ဒေသ၏ ပျော့ကွက်အားနည်းချက်မှာ ငလျင်ဇုန်ကို မစဉ်းစားဘဲ မြို့ပြထူထောင်ထားသည့်အပြင် လူဦးရေလည်း ထူထပ်သည်ကိုတွေ့ရှိရပါသည်။ ဒုတိယအချက်ဖြစ်သည့် ပြည်သူလူထု အနေဖြင့် ငလျင်နှင့်ပတ်သက်သည့်အသိဗဟုသုတ နည်းပါးသဖြင့် ကြိုတင်စီမံပြင်ဆင်မှုများမပြုလုပ်ခဲ့သည့်အတွက် ငလျင်လှုပ်သောအခါ အဆောက်အအုံများ ပြိုကျပျက်စီးပြီး လူထိခိုက်သေကျေမှုများပြားခဲ့ရပါသည်။ ဟေတီငလျင်ထက် ပိုမိုပြင်းထန်သော ပြင်းအားပမာဏဖြင့် လှုပ်ရှားခဲ့သည့် ချီလီငလျင်တွင်မူ ဘေးဖြစ်သောဒေသသည် ငလျင်ဇုန်အတွင်း ကျရောက်နေသော ပျော့ကွက်အားနည်းချက်များရှိခဲ့သဖြင့် ဟေတီငလျင်ကဲ့သို့ပင် အဆောက်အအုံများ ပျက်စီးမှုများပြားသော်လည်း ပြည်သူလူထု အနေဖြင့် ငလျင်နှင့်ပတ်သက်၍ အသိရှိမှုနှင့် ကြိုတင်စီမံပြင်ဆင်ထားမှု ကောင်းသဖြင့် လူသေဆုံးမှုတွင် ဟေတီငလျင်ကဲ့သို့ မများသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အလားတူ မြန်မာနိုင်ငံတွင်ဖြစ်ခဲ့သော နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းတို့၏ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို နှိုင်းယှဉ်ကြည့်လျှင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသဖြင့် မုန်တိုင်းအန္တရာယ်ကို အလွယ်တကူ ကြုံတွေ့ရသောဒေသတွင် ကျရောက်နေခြင်း၊ မြေပြန့်ကွင်းပြင်များသာရှိသဖြင့် သဘာဝမြေအနေအထားအရ သဘာဝဘေးဒဏ်မှ ခိုလှုံရန်နေရာများ (ဥပမာ-မုန်တိုင်းဒီရေ၊ ဆူနာမီရေလှိုင်းနှင့် လျှပ်တစ်ပြက်ရေကြီးခြင်းတို့ ဖြစ်လာလျှင် ခိုအောင်းရန် သဘာဝမြေအနေအထား တောင်ကုန်း မြေမြင့်ဒေသများ) မရှိခဲ့ခြင်း၊ လူဦးရေထူထပ်ခြင်းတို့အပြင် ပြည်သူလူထုသည် သဘာဝဘေးနှင့် ပတ်သက်၍ နာဂစ်မုန်တိုင်းကဲ့သို့ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခိုက်မှု အတွေ့အကြုံ ယခင်ကမရှိခဲ့၍ ကြိုတင်စီမံပြင်ဆင်မှုများ ထိထိရောက်ရောက် မပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် မုန်တိုင်းဝင်ရောက်သည့်အခါ သေကျေထိခိုက်ပျက်စီးမှု များပြားခဲ့ရခြင်းဖြစ်ပါသည်။

ဂီရိမုန်တိုင်းဖြစ်စဉ်တွင်မူ ဘေးဒဏ်ခံစားရသောဒေသသည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသဖြင့် မုန်တိုင်းအန္တရာယ်အလွယ်တကူ ကြုံတွေ့ရသောဒေသတွင် ကျရောက်နေသော်လည်း သဘာဝမြေအနေအထားအရ ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်မှ လွတ်ကင်းခိုလှုံနိုင်သော ကုန်းမြင့်နေရာများရှိပြီး လူဦးရေထူထပ်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ကြိုတင်ပြင်ဆင်စီမံထားမှု အခြေအနေတွင်လည်း ပြည်သူလူထုအနေဖြင့် နာဂစ်မုန်တိုင်းမှရသော အတွေ့အကြုံနှင့် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းအသီးသီး၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များအရ ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းများကို သိရှိနေပြီးဖြစ်သည့်အတွက် ကြိုတင်စီမံပြင်ဆင်မှုများ အထိုက်အလျောက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းရခြင်း ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဘေးကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုကို လျော့နည်းသက်သာစေရန်အတွက် အထက်ဖော်ပြပါ အကြောင်း (၃)ရပ်အနက် မိမိတို့လူသားများ ပြုပြင်၍မရသော တတိယအချက်ကို ချန်လှပ်၍ ကျန်နှစ်ချက်ကို ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ရာ ပထမအချက်အား လတ်တလောပြုပြင်ရန်မှာ ခက်ခဲသည့်လုပ်ငန်းဖြစ်ပြီး ရေရှည်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ဒုတိယအချက်ဖြစ်သော ကြိုတင်စီမံပြင်ဆင်ထားမှုအခြေအနေကို ရရှိစေရန်အတွက် ပြည်သူလူထုအား သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်နှင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရမည်ကို သိရှိစေရန်အတွက်လည်းကောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ အသိနှင့် နိုးကြားမှုရှိရေးအတွက်လည်းကောင်း၊ သဘာဝဘေးများဖြစ်လာပါက ရှောင်တတ်တိမ်းတတ်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း (ဥပမာဆူနာမီဇာတ်တိုက် လေ့ကျင့်ခြင်း၊ လျှပ်တစ်ပြက်မြစ်ရေကြီးမှု ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်ဖြင့်) အတွက်လည်းကောင်း ဆောင်ရွက်သွားရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုသို့ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် သဘာဝဘေးဆိုင်ရာဗဟုသုတများကို အသိပညာပေးဆွေးနွေးသွားရမည် ဖြစ်ပါသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလုပ်ငန်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ဦးစီးဌာနများ၊ UN, INGO နှင့် NGO အဖွဲ့များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် အလှည့်ကျဖွင့်လှစ်ပေးလျက်ရှိပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိဗဟုသုတများအား ကျေးလက်ပြည်သူလူထုထံ ရောက်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးသွားရမည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်နိုင်သည်နှင့်အမျှ သဘာဝဘေးဖြစ်လာသည့်အခါများတွင် သေကျေထိခိုက်ပျက်စီးမှုများ လျော့နည်းသက်သာစေမည်ဖြစ်သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးစေရန် ဆောင်ရွက်ရသော ကြိုတင်စီမံပြင်ဆင်မှုလုပ်ငန်းများအတွက် ငွေအား၊ လူအားနှင့် အချိန်အားတို့ကို ကြိုတင်ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံပေးမှုသာလျှင် သဘာဝဘေးဖြစ်သည့်အခါတွင် ထိုတန်ဖိုးထက် အဆများစွာသာလွန်သော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သင်တန်းတက်ပြီးသည့် ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များကို အသုံးပြု၍ ကျေးလက်နေ ပြည်သူလူထုသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်၍ စဉ်ဆက်မပြတ်ပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## တယ်ရီဆာဆနာအသင်း ခြေစမ်းပွဲသုံးပွဲစလုံး အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် တယ်ရီဆာဆနာအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တယ်ရီဆာဆနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**တယ်ရီဆာဆနာအသင်း - နှစ်ဂိုး**
**ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ**

၂၀၁၂ ထိုင်းပရီမီယာလိဂ်ပြိုင်ပွဲ မစတင်မီ ရာသီကြိုခြေစမ်းပွဲများ လာရောက်ကစားနေသည့် ဘီအီးစီ တယ်ရီဆာဆနာအသင်းမှာ ခြေစမ်းပွဲအားလုံး ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့ပြီး သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။ အသင်းခေါင်းဆောင် ခင်မောင်လွင်၊ မြန်မာယူ-၂၁ အသင်းတွင် ပါဝင်သွားသည့် ကြည်လင်း၊ ဒေးဗစ်ဒန်း၊ ရန်အောင်

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်**

ဝင်းနှင့် ကောင်းစည်သူတို့မှလွဲ၍ ရန်ကုန်အသင်းမှာ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်သိုက်၊ နိုင်ငံခြားသား သုံးဦးတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ဒုတိယပိုင်းတွင် လူငယ်ကစားသမားများ အတွေ့အကြုံရရှိစေရန် ပွဲထုတ်ခဲ့သည်။ ရန်ကုန်အသင်းမှာ တယ်ရီဆာဆနာကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး သေချာပေါက်ဂိုးသွင်းခွင့် လေးကြိမ်ခန့်ကို အသုံးမချနိုင်၍ ရှုံးသွားရခြင်းဖြစ်သည်။ တယ်ရီဆာဆနာအသင်းအတွက် အနိုင်ဂိုးများကို ၁၅ မိနစ်တွင် ပွန်လာချိုင်းနှင့် ၈၉ မိနစ်တွင် ကလီတန်တို့က သွင်းယူပေးခဲ့သည်။

**၂-၃-၂၀၁၂**
**(သုဝဏ္ဏကွင်း)**
MNL အမှတ်ပေးပြိုင်ပွဲ
**ရောဝတီယူနိုက်တက် - Southern**

**တယ်ရီဆာဆနာအသင်းတိုက်စစ်ကို ရန်ကုန်နောက်ခံလူ မျိုးဝင်းထွဋ်နှင့် ဂိုးသမား စောအယ်ထူးတို့ ကာကွယ်နေစဉ်။**

## တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မိုးညှင်းဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၈ ရက်တွင် ကိုစိုးဖြူ(ဖြူစင်သောက်ရေသန့်)သည် ၁၃၅ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၆)သို့ Homa LB 708 Iron No,8 သံတုတ်ဖြင့် Srixon Soft Fee 4 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ကိုစိုးဖြူ၏ ကစားဖော်များမှာ ဦးဝင်းဦး(စည်ပင်)၊ ဦးစိုင်းမြင့်စိုး၊ ဦးထွန်းထွန်းမြင့်အောင်နှင့် ဦးဟိန်းစက်တို့ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## အခြေခံကျွမ်းဘားနည်းပြ/ဒိုင် သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကျင်းပသော ၂၀၁၂ ခုနှစ် "C" အုပ်စုအဆင့် အခြေခံကျွမ်းဘားနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ကျင်းပရာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အလုပ်အမှုဆောင် သင်တန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း(၂)က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြဆရာ ဦးဇော်ဝင်းနှင့် ဦးသူရကိုကို (အား/ကာ နည်းစနစ်မှူး)တို့က မတ် ၇ ရက်အထိ အခြေခံနှင့် အဆင့်မြင့် ဘာသာရပ်များကို စာတွေ့/လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး ထူးချွန်သော သင်တန်းသားများအား နေပြည်တော်၌ဖွင့်လှစ်မည့် အဆင့်မြင့်ကျွမ်းဘားနည်းပြ/ဒိုင်သင်တန်းများ၌ ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ္ဘာကျော်အနုပညာရှင်များစုံလင်စွာဆင်နွှဲ (၈၄)ကြိမ်မြောက်အော်စကာဆုပေးပွဲ

**အောဝမ်းစိုး**

ကမ္ဘာတစ်ဝန်းလုံးမှ ရုပ်ရှင်ချစ်ပရိသတ်များ စိတ်ဝင်စားစွာမျှော်လင့်ခဲ့ကြသည့် (၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားကြီးကို ဖေဖော်ဝါရီ ၂၆ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ကိုဒက်ကဇာတ်ရုံ၌ စည်ကားသိုက်မြိုက် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ရာ ဟောလိဝုဒ်ရုပ်ရှင်လောကမှ နာမည်ကျော် အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အော်စကာဆုအမျိုးအစား (၂၄)မျိုး ချီးမြှင့်ပေးအပ်ခဲ့ရာ အကောင်းဆုံးဇာတ်ကားဆုကို The Artist ဇာတ်ကားက ရရှိသွားသည်။ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကို The Artist မှ မင်းသား ဂျိန်းဒူဂျာဒင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို The Iron Lady ဇာတ်ကားမှ မင်းသမီး မာရီလ်စထရိ(ပ်)တို့က အော်စကာရွှေစင်ရုပ်တုများကို ဆွတ်ခူးရရှိသွားသည်။

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို Beginners ဇာတ်ကားမှ မင်းသား ခရစ္စတိုဖာ ပလမ်မာ၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို The Help ဇာတ်ကားမှ အော်တာဗီရာစပန်ဆာနှင့် အကောင်းဆုံး ဒါရိုက်တာဆုကို The Artist ဇာတ်ကား ဒါရိုက်တာ မိုက်ကယ် ဟာနန်ဗီးရှပ်စ်တို့က ရရှိသွားသည်။

အကောင်းဆုံး နိုင်ငံခြားဘာသာ ဇာတ်ကားဆုကို အီရန်ရုပ်ရှင်ကား A Separation၊ အကောင်းဆုံး ဇာတ်ညွှန်းဆုကို Midnight in Paris ဇာတ်ကားဖြင့် ဒါရိုက်တာဝုဒ်ဒီအလန်၊ အကောင်းဆုံးရုပ်ရှင်နောက်ခံတေးသီချင်းဆုကို The Muppets ဇာတ်ကားမှ Man or Muppet တေးသီချင်း၊ အသံရောနှောဆု၊ အသံတည်းဖြတ်ဆုများကို Hugo ဇာတ်ကား၊ ရိုးရာဝလေ့အပြင်အဆင်ဆုကို The Artist ဇာတ်ကား၊ ဖလင်တည်းဖြတ်မှု အကောင်းဆုံးဆုကို The Girl With the Dragon Tattoo ဇာတ်ကားနှင့် အကောင်းဆုံး မိတ်ကပ်ဆုကို The Iron Lady ဇာတ်ကားတို့က ရရှိသွားသည်။

ယခုနှစ် အော်စကာဆုပေးပွဲတွင် အောင်ပွဲခံခဲ့သည့် ဇာတ်ကားများမှာ The Artist ဇာတ်ကားနှင့် Hugo ဇာတ်ကားတို့ ဖြစ်ပြီး ဆုအမျိုးအစား ငါးခုစီ ချီးမြှင့်ခံခဲ့ရသည်။

**အမျိုးသားဇာတ်ဆောင်ဆုရ ဂျိန်းဒူဂျာဒင်**

**ဒါရိုက်တာဆုရ မိုက်ကယ်ဟာနန်ဗီးရှပ်စ်**

**အမျိုးသမီးဇာတ်ဆောင်ဆုရ မာရီလ်စထရိ(ပ်)**

**အမျိုးသားဇာတ်ပို့ဆုရ ခရစ္စတိုဖာပလမ်မာ**

**အမျိုးသမီးဇာတ်ပို့ဆုရ အော်တာဗီရာစပန်ဆာ အင်တာနက်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အစည်းအဝေးခန်း၌ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

## ဝိုင်းဝန်းဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

## ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

# တရုတ်ပြည်၏ ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံများကို မြန်မာက ဂုဏ်ယူအားကျလျက်ရှိ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**

# တရုတ်နိုင်ငံတွင် အမျိုးသားဒီမိုကရေစီ ကျင့်သုံးနေသကဲ့သို့ တရုတ်ကွန်မြူနစ်ပါတီသည် ဒီမိုကရေစီဗဟိုဦးစီးစနစ်ကိုကျင့်သုံး တရုတ်၏ဗဟိုဦးစီးစနစ်သည် လေ့လာရုံသာမဟုတ် တိုင်ပင်ညှိနှိုင်းခြင်းပါ ပါဝင်

**တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင် Mr. Li Yuan Chao**

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံး အတွင်းရေးမှူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Li Yuan Chao နှင့် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Jiang Su ဧည့်ခန်းမ၌ တွေ့ဆုံသည်။**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံး အတွင်းရေးမှူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဖွဲ့စည်းရေးဝန်ကြီးဌာန ဝန်ကြီး Mr. Li Yuan Chao တို့ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ သူရဦးအောင်ကို၊ ဦးမောင်မောင်ဆွေ၊ ဦးကြည်မင်း၊ ဦးစိန်တင်ဝင်း၊ ဦးဆန်းဆင့်၊ ဒေါက်တာမောင်မောင်ဝင့်၊ ဗိုလ်မှူးကြီးဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီး H.E. Mr. Li Yuan Chao နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Zhang Zhi Jun၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဖွဲ့စည်းရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ် Mr. Deng Sheng Ming၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Wu Yu Liag၊ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ နိုင်ငံခြားဆက်သွယ်ရေးရုံး ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiao Li၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Luo Zhao Hui နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ ယင်းသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် တရုတ်ပြည်၏ ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံများကို မြန်မာက ဂုဏ်ယူအားကျလျက်ရှိပါကြောင်း၊ တရုတ်ပြည်၏ အောင်မြင်မှုသည် မြန်မာနိုင်ငံ၏အောင်မြင်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ တရုတ်ပြည်၏ နိုင်ငံရေးတည်ငြိမ်မှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအရေးကြီးသည်ကို ဖော်ပြနေပါကြောင်း။

အဆွေတော်အနေဖြင့် တရုတ်ကွန်မြူနစ်ပါတီတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ကို သိရှိနားလည်ပါကြောင်း၊ မြန်မာနိုင်ငံခရီးစဉ်အတွင်း အဆွေတော်ပြောကြားခဲ့သည်များထဲမှ မိမိမှတ်သားမိသည့် တစ်ချက်ရှိပါကြောင်း၊ တရုတ်နိုင်ငံတွင် အမျိုးသားဒီမိုကရေစီစနစ်ထွန်းကားနေသည်ဆိုသည့် အချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ပါတီတွင်းတွင်သာမက နိုင်ငံတွင်းမှာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည်ဟု နားလည်ပါကြောင်း။

တရုတ်နိုင်ငံသည် နယ်မြေကျယ်ဝန်း၍ လူဦးရေများပြားပြီး လူမျိုးစု (၅၆)ခုနှင့်အတူ စနစ်တကျစီမံဆောင်ရွက်၍ ကမ္ဘာ့အလယ်တွင် **စာမျက်နှာ ၉ ကော်လံ ၂ သို့ ✻**